ဦးအောင်သိမ်းမြတ်

# မြန်မာ့ရိုးရာ ဟာသ ပုံပြင်များ

အမှတ် (၂)




ဒုတိယအကြိမ်

ဦးအောင်သိမ်းမြတ်

# မြန်မာ့ရိုးရာ ဟာသ ပုံပြင်များ

အမှတ် (၂)



mgyoe.com

ISBN 9789997130563

SPK37

ကာတွန်း-ဖောင်ဖောင်အောင်၊ ၂၀၂၀

9 789997 130563

2,000.00 KS

mgyoe.com

မြန်မာ့ရိုးရာဟာသပုံပြင်များ (၂)၊ ဦးအောင်သိမ်းမြတ်
မျက်နှာဖုံးသရုပ်ဖော် - ကာတွန်းမောင်မောင်အောင်
အတွင်းသရုပ်ဖော် - ဗိုသံ
စာမျက်နှာ ၂၂၀ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂၊ ဇူလိုင်၊ ဘဝတက္ကသိုလ်စာပေတိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


* ဣစ္ဆာသယ ကျည်ပွေ့ ၁

* စကားတောင်စားနှင့် လေက်တို ညို ၁၀

– မနန်းစိန်၏ မောင်ကြီးကတ် ၁၀

– လူသရော် လူနောက်လူပြောင် ၁၆

– စကားနိုင် တကယ်လုပြီ ၂၀

– လူပြောင်မှ လူလိမ်သို့ ၂၄

– သူ့ကို ငါကောက် ငါ့ သူကောက် ၂၉

– ကောက်မပြီး ကွေ့မဆုံးပေါင် ၃၇

– အလိုး အန္တာ ပါရဂူ ၄၄

– ဆားနှင့် ဓားတို့ တွေ့ကြခြင်း ၅၀

– အလိမ်နှင့် အရှုပ် ပေါင်းမိပြီ ၅၄

– အရှုပ် အလိမ်နှင့် အကောက် ၅၈

– အလိမ်ပေါ်သောခါ နာမည်မကောင်း ၆၈

– တစ်ယောက်၏နောက်ဝယ် နှစ်ယောက် ၈၃


mgyoe.com

mgyoe.com


– လှေသူကြီးအဖြစ် တစ်သွယ် ၉၈
– ခေါင်းပြောင်ကို ထိပ်ကွက်သွားခြင်း ၁၀၃
– ဖိုးသူတော်နှင့် ဆေးဆရာ ၁၀၈
– တော်သုံးဗေဒင် ပညာရှိ ၁၁၅
– နောက်ကြောင်းသို့ ပြန်လှည့်ကြခြင်း ၁၂၃
– မချစ်ပြင်ပြင် တမင်စိမ်း ၁၃၄
– မောင်မောင်တုတ်နှင့် မောင်မောင်ဆင် ၁၃၈
– ကျေးဥကြဲ ခံနိုင်မည်လော ၁၅၈
– ခါကြီးကြဲ ခံနိုင်မည်လား ၁၆၇
– မောင်ဖွေဆိုးနှင့် မတွတ်က တစ်ခန်း ၁၈၁
– အတိတ်တွင်လည်း မဖြောင့်ပါ ၁၉၂
✱ တစ်ခုနှင့်တစ်ခု ဆက်နေ ၂၀၅
✱ ပဲကြီးလှော် တစ်စေ့အကြောင်း ၂၁၁


❒

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



# ဣစ္ဆာသယ ကျည်ပွေ့

ငမူးနှင့် ငမိုန်းသည် ထန်းရည်သမားနှင့် ဘိန်းသမားများ ဖြစ်ကြ၏။ ငမူးသည် မူးယစ်သောက်စားရန်သာ စိတ်ကူးနေသဖြင့် နေစရာအိမ် မရှိချေ။ ငမိုန်းမှာလည်း ဘိန်းရှူရန်ကလွဲ၍ ဘာမျှမသိသောကြောင့် နေစရာ အိုးအိမ် မရှိချေ။

ရပ်သူ ရွာသားများသည် ထိုသူနှစ်ယောက်ရောက်လာလျှင် မောင်းနှင်ပစ်ကြ၏။ ထန်းရည်ဖိုး၊ ဘိန်းဖိုးရရန် ခိုးတတ်သောကြောင့် ဖြစ်သည်။

သို့အတွက် ငမူးနှင့် ငမိုန်းမှာ အခြားရွာသို့ သွားရောက်ကာ အလုပ်လုပ်ကြရသည်။ အများသူငါ တည်းခိုသော သာလာယံဇရပ် ဆိုလျှင် ဆူညံတတ်၊ လူများတတ်သဖြင့် လူရှင်းသောသုသာန်ဇရပ်တွင် ဆုံကြသည်။ ရုံဖန်ရံခါသော် ထိုဇရပ်မှာပင် အိပ်စက်ကြသည်။

တစ်ညတွင် ငမိုန်း အရောက်နောက်ကျသည်။

ငမူးသည် ဇရပ် ခါးပန်းပေါ် ခေါင်းတင်ပြီး လှဲနေစဉ် ဇရပ်ကြီး သိမ့်သိမ့်ခါသွားသဖြင့် ငမိုန်းထင်ပြီး အသာထ၏။ ဘိန်းစား မဟုတ်၊

mgyoe.com

mgyoe.com


သဘက်တွေ ဖြစ်၏။ ရွံ့စရာ ကိုယ်ခန္ဓာကို နားရွက်ကြီးတွေဖြင့် ခြုံလွှား ထား၏။

ငမူးမှာ ဆင်းပြေးရန် အချိန်မရတော့သဖြင့် ပုဆိုးခြုံပြီး သဘက်တွေထဲ၌ ဝင်ထိုင်၏။

"ဟော့... လူစော်နံ့တယ်ကွ၊ လူစော်နံ့တယ်"

ထိပ်တွင် အနီကွက်ရှိသော သဘက်က ထအော်၏။

"မင်း ထင်လို့ပါကွာ၊ ဘယ်က လူစော်နံ့ရမှာတုံး"

ငမူးက သွက်လက်စွာ ထသည်။ လက်ညှိုးထိုးလျက် ရေတွက်သည်။

"တစ်... နှစ်... သုံး၊ တစ်... နှစ်... သုံး၊ ကဲ... ဘယ်မှာတုံးလူ"

သဘက်တွေကိုချည်း လက်ညှိုးထိုးပြီး ရေတွက်သည်။ သူ့ကို ချန်လှပ်ထားသဖြင့် လေးယောက် ဖြစ်မလာခဲ့ချေ။

"အေးကွ၊ ငါလည်း လူစော် နံ့သလိုလိုပဲကွ"

နောက်သဘက် တစ်ကောင်ကလည်း ထိပ်နီ၏ သံယောင် လိုက်ပြန်သဖြင့် ငမူး ထရပြန်သည်။

"နင့်ဘကြီး လူ မပါပါဘူးဟ၊ တစ်... နှစ်... သုံး၊ သုံး... နှစ်... တစ်၊ ဘယ်မှာ လူပါလို့တုံး၊ ငါတို့ချည်းပါဟ"

"အေးကွာ၊ ဒီဇရပ်က လူတွေလာတဲ့နေရာကိုးကွ၊ လူစော်နံ့မှာ ပေါ့ ဟုတ်ဘူးလား။ ဒါပေမဲ့ လူတွေဟာ လာသာ လာတာကွ၊ ဇရပ် လှေကားအောက်က ရွှေအိုး ခုနစ်လုံးကျတော့ တစ်ယောက်မှ မတွေ့ကြဘူးကွ"

"ဘယ်မှာ တွေ့မတုံးဟာ၊ သည်ဇရပ်ကို လာတာ ရွှေအိုး ရှာရအောင် လာတာမဟုတ်ဘူး။ ငိုရအောင် လာတာလေ"

သဘက်တွေ သဘောကျစွာ ရယ်မောကြသည်။

mgyoe.com

mgyoe.com



"ဆန်းတယ်နော်၊ ငိုတာပဲ အိမ်မှာ ငိုလည်း ရသားနဲ့၊ ဒီဇရပ်ကို လာပြီး ငိုရတယ်လို့"

သဘက်တွေ တသောသောဖြင့် ထပ်မံ ရယ်မောကြပြန်သည်။ ထို့နောက် ရောက်တတ်ရာရာများ ဆက်လက်ပြောကြသည်။ ညဉ့် အတော်နက်မှ ထပြန်မည်ပြုကြရာ ငမူးသည် ရောနှောထပြန်ဟန်ပြု သည်။

တောအုပ်သို့ရောက်မှ ပြန်လှည့်လာသည်။ ငမိုန်းကား မရောက် သေး။

ငမိုန်းမှာ အိမ်တစ်အိမ်၏ နောက်ဖေးဘက်မှ ဝင်ကာ ထဘီ ခိုးရာတွင် လူမိသွားသဖြင့် သူကြီးအိမ်သို့ အပို့ခံရကာ ထိတ်တုံးထဲသို့ ရောက်နေ၏။ နောက်တစ်နေ့တွင်လည်း ထိတ်တုံးထဲမှ ငမိုန်း မလွတ် သေးပေ။ ထိုအချိန်တွင် ငမူးသည် သုသာန် ဇရပ်အောက်မှ ရွှေအိုးတွေကို တူးယူပြီးပြီ။

ရွှေအိုးတစ်လုံးကို ရောင်းချကာ ရွှေအိုး ရောင်းရငွေဖြင့် အိမ် တစ်လုံး ဝယ်လိုက်သည်။ နေစရာ အိမ်၊ အိပ်စရာနှင့် ခံ့ညား ခမ်းနားသော ဦးငမူး ဖြစ်နေလေ၏။

ငမိုန်းသည် ထိတ်တုံးမှ လွတ်လျှင် လွတ်ချင်း သုသာန်ဇရပ်သို့ သွား၏။ ငမူးကို စောင့်၏။ ငမူးကား ရောက်မလာချေ။ ရက်ပေါင်း များစွာ ဆက်လက်စောင့်ဆိုင်းရာ ငမိုန်းမှာ တစ်ခုသော နေ့တွင် ဇရပ်ပေါ် တွင် အိပ်ပျော်သွားရာ သန်းခေါင်တိုင်မှ နိုးလေ၏။

ငမိုန်းမှာ ဘိန်းမရသဖြင့် စိတ်ဆင်းရဲနေ၏။ ထမင်းလည်း မစားရ သဖြင့် နုံးခွေနေ၏။ သို့စဉ်တွင် ဇရပ်ပေါ်သို့ သဘက် သုံးကောင်တက် လာ၏။ ငမိုန်း ခေါင်းထောင်ကြည့်၏။

ဘိန်းစား၏ ထိုင်းမှိုင်းသောအသိက အန္တရာယ်ဟု ရုတ်ခြည်း

mgyoe.com

mgyoe.com



မသိမမြင်နိုင်ချေ။ သို့ဖြစ်သဖြင့် သဘက်များနှင့် ဝင်ရောက်ရောနှောမှ အန္တရာယ်ကင်းမည်ဆိုသည်ကိုလည်း မတွေးတောနိုင်ချေ။

"ဟာ... လူစော် နံ့သဟ၊ လူစော်... လူစော်"

ဝိုင်းထိုင်မိလျှင် ထိုင်မိချင်း သဘက်တစ်ကောင်က အော်၏။ ဟိုသည် ကြည့်သောအခါ ခွေနေသော ငမိုန်းကို မြင်ကြရ၏။

"နံမှာပေါ့ကွာ၊ ဟိုဥစ္စာ လူ မဟုတ်လား"

သဘက်တွေ ထလာသည်။ ငမိုန်းအား ဝိုင်းအုံကြည့်ကြသည်။

"ဟာ နှာခေါင်းက ဖောင်းဖောင်းရှည်ရှည်ကလေးဟ၊ ဆန်းတယ် ဟေ့"

သဘက်တွေ ရယ်မောကြစဉ် သဘက်တစ်ကောင်က ငမိုန်း၏ နှာခေါင်းကို ကိုင်ဆွဲကြည့်သည်။

"အမယ်လေးဗျ... အောင်မယ်လေး နာသဗျ"

"ဖောင်းဖောင်းရှည်ရှည်ကလေးအောက်က ကန့်လန့်ပေါက် ကလေးကလည်း အသံထွက်သဟေ့"

ငမိုန်းမှာ သဘက်တွေအတွက် အထူးအဆန်းသတ္တဝါ ဖြစ်နေ၏။ ဝါးခနဲ၊ ဝါးခနဲ ရယ်မောကြ၏။ နှာခေါင်းအောက်ရှိ ကန့်လန့်ဖြတ် အပေါက်မှ ထွက်လာသော အသံကို ကြားချင်သဖြင့် နှာခေါင်းကို နောက်တစ်ကောင်က ဆွဲပြန်၏။

"အား... ဟား... ဟား၊ နာတယ်... နာတယ်"

သဘက်တွေ ရယ်မောကြပြန်ချေသည်။

သူတို့က နှာခေါင်းကို ဆွဲလိုက်၊ ငမိုန်းက အော်လိုက်ဖြင့် ရယ်ပွဲ ဖြစ်နေရာ သဘက်တွေ မထောင်းတာသလောက် ငမိုန်းမှာ ဒုက္ခတွေ့နေ သည်။

အကြောင်းမူ နှာခေါင်းသည် ရှည်ထွက်လာရာ ဇရပ်ပေါ်မှ

mgyoe.com

mgyoe.com



သဘက်တွေ တဟားဟား ရယ်မောလျက် ဆင်းသွားချိန်တွင် ငမိုန်း၏ နှာခေါင်းမှာ ခြောက်တောင်ရှည်လျက် ကျန်ခဲ့သဖြင့် ဖြစ်ပေသည်။

ငမိုန်းမှာ ခြောက်တောင်ရှည်သော နှာခေါင်းကြီးကို လက်ဖြင့် ပွေ့ကာ ရပ်ထဲရွာထဲသို့ လှည့်လည်သည်။ လက်ညောင်းလျှင် နှာခေါင်းကို ပခုံးပေါ် တင်ထားသည်။

လူတွေက ဘိန်းစားကို အထင်သေး ရွံရှာမုန်းတီးသော်လည်း နှာခေါင်းကို ကြည့်ချင်သဖြင့် ငွေကြေးများ ပေးကမ်းကြသည်။

ထိုသို့ ရက်ပေါင်းများစွာ လှည့်လည်သွားလာပြီး ခြောက်တောင်ရှည်သော နှာခေါင်းကို ပြစားနေစဉ် တစ်နေ့သ၌ ငမိုန်းသည် အိမ်သစ်ကြီး တစ်ဆောင်ရှေ့သို့ ရောက်သွားသည်။

"နှာခေါင်းထူး၊ နှာခေါင်းဆန်း ကြည့်ချင်ရင် လာကြနော်"

အိမ်သစ်မှာ ဦးငမူးအိမ် ဖြစ်ပေသည်။

ဦးငမူးသည် ဤအသံကား သူငယ်ချင်းငမိုန်း၏ အသံပေတည်းဟု သိသဖြင့် ထွက်ကြည့်၏။

"အဲဒီနှာခေါင်းရှည်ကို အိမ်ထဲခေါ်လိုက်ကြစမ်းဟေ့"

ဦးငမူးမှာ ဝဖြိုးစိုပြည်နေသည်။ အဝတ်ကောင်းတွေ သပ်ရပ်လှပစွာ ဝတ်ထားသဖြင့် ငမိုန်း မမှတ်မိ။ ဟေ့ကောင်... ငမိုန်းဟု ခေါ်တော့မှသာ မှတ်မိသည်။ ဦးငမူးအား ဖက်ငိုတော့သည်။

"လူစင်စစ်က ဘယ်လိုက ဘယ်လို ဆင်ဖြစ်လာတာတုံးကွာ"

ဦးငမူး ရယ်မောပြီး မေးသော်လည်း ငမိုန်းက ဖြစ်ကြောင်းကုန်စင်ကို ငိုကြွေးပြီး ဖြေသည်။ ဦးငမူးသည် ငမိုန်းအား အိမ်တွင် ခေါ်ထားလိုက်ကာ ညအချိန်တွင် သုသာန်ဇရပ်သို့ သွားရောက်စောင့်ဆိုင်းနေသည်။

သန်းခေါင်ရောက်ပြီ။ နားရွက်တွေ ကိုယ်စီခြုံလျက် သဘက်

mgyoe.com

mgyoe.com



ထိပ်နီနှင့် အဖော်များ ရောက်လာကြသည်။ ဦးငမူးလည်း ပုဆိုးကြီး ခြုံပြီး ဝင်ထိုင်သည်။

"လူစော် နံတယ်ဟေ့၊ လူစော် နံတယ်"

ထိပ်ကျားက ထိုင်မိလျှင် ထိုင်မိချင်း အော်သဖြင့် ဦးငမူးက ထရပ်သည်။

"တစ်... နှစ်... သုံး၊ သုံး... နှစ်... တစ်၊ ငါတို့ချည်းပဲဥစ္စာ၊ ဘယ်လိုလုပ်ပြီး လူစော်နံမှာတုံးဟ။ ကြံကြံဖန်ဖန် နံတတ်တဲ့ နှာခေါင်း ခြောက်တောင်ရှည်အောင် ဆွဲပစ်ဖို့ကောင်းတယ်"

ဆဲဆိုမြည်တွန်ပြီး ဦးငမူး ထိုင်လိုက်လျှင် သဘက်ထိပ်ကျားက ရယ်မောလျက် "ဘိန်းစားသာ လုပ်လို့ရမယ်၊ ငါ့လုပ်လို့ကတော့ ငရုတ်ကျည်ပွေ့နဲ့ တို့လိုက်မှာပေါ့" ဟု ချေပသည်။

"ငရုတ်ကျည်ပွေ့နဲ့ တို့တော့ ဘာဖြစ်သတုံး"

"အသက်အောင့်ပြီး တစ်နေ့ ခုနစ်ခါတို့ရင် မိမွေးတိုင်း၊ ဖမွေးတိုင်း ပြန်ဖြစ်သွားတာပေါ့"

"ဘိန်းစားကတော့ ခြောက်တောင်ရှည်တဲ့ နှာခေါင်းကြီးနဲ့ ရယ်ရသဟေ့"

ဦးငမူးသည် သဘက်ပြောသော ဆေးနည်းကို မှတ်သားထားလိုက်ပြီး ရယ်စရာ ရှာဖွေပြောကာ ရယ်မောသည်။ သဘက်အစစ်သုံးကောင်နှင့် သဘက်အတုသည် ဟိုစကားရောက်၊ သည်စကားရောက်ဖြင့် ထွေရာလေးပါး တစ်ညလုံး ပြောနေခဲ့ကြသည်။ အရုဏ်တက်ချိန်တွင် သဘက်စုကွဲသွားသောအခါ ဦးငမူးသည် အိမ်သို့ သုတ်ခြေတင် ပြေးလာခဲ့သည်။

ငမိုန်းမှာ ဘိန်းမရသောကြောင့်တစ်ကြောင်း၊ ရှည်လွန်းသော နှာခေါင်းကြောင့်တစ်ကြောင်း စိတ်ဓာတ်ကျကာ ခွေနေသည်။

mgyoe.com

mgyoe.com



ဦးငမူးသည် ငမိုန်း ဘိန်းပြတ်အောင် အချိန်ဆွဲကာ ငမိုန်း၏ နှာခေါင်းကို ကုသသည်။ သဘက်ဆွဲသော နှာခေါင်းကို သဘက် ပေးသောနည်းဖြင့် ကုသသည်။

ချက်ချင်း ပျောက်သွားလျှင် ဘိန်းပြန်ပြီး ရှုမည်စိုးသောကြောင့် မှျဉ်းပြီးကုခြင်းဖြစ်ရာ တစ်လအကြာတွင် ငမိုန်းမှာ ဘိန်းလည်းပြတ်၊ နှာခေါင်းလည်း ကောင်းသွားလေတော့၏။

❒

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


# စကားတောင်စားနှင့် လေက်တို ညြို

## မနန်းစိန်၏ မောင်ကြီးကတ်

ရှေးလွန်လေပြီးသောအခါက အဝမြို့တွင် မုန့်အိုးကင်းကပ်ရောင်းသော မုဆိုးမတစ်ယောက် ရှိသည်။ သူ့တွင် ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် သားကလေး မောင်ကတ်ဖွဲ့နှင့် လေးငါးခြောက်နှစ်အရွယ် သမီးကလေး မနန်းစိန်တို့ရှိကြလေသည်။

မုဆိုးမကြီးသည် ဖိုတွင်လုပ်သော မုန့်များ ရောင်းမကုန်သောအခါ အရပ်ထဲသို့ လှည့်လည်ရောင်းချရသည်။ သူ မုန့်ရောင်းထွက်သောအခါ ကလေးများ အဆာပြေစားခဲ့ရန် မုန့်လေးယှက် ပေးခဲ့လေ့ရှိသည်။

တစ်နေ့သောအခါတွင်ကား မုန့်သည်မသည် မုန့်သုံးယှက်သာ ပေးထားခဲ့လေသည်။ လေးခုရစဉ်က တစ်ယောက် နှစ်ခုစီ ရှင်း၏။ သုံးခုရသောအခါ အဝေမတည့်တော့ပေ။ မောင်ကတ်ဖွဲ့ကလည်း အကြီးပီပီ အနစ်နာခံရမှန်း မသိ။ မနန်းစိန်ကလည်း မောင်ကြီးအား ဦးစားပေးရန် နားမလည်ရှာ။

"ငါ နှစ်ခုယူမယ်၊ နင် တစ်ခုတည်း ယူ"

mgyoe.com

mgyoe.com


"မောင်ကြီး တစ်ခုတည်း ယူ၊ နှမလေးက အငယ်မို့ နှစ်ခု ယူမယ်"

မောင်နှမနှစ်ယောက် အငြင်းအခုံဖြစ်နေစဉ် အိမ်ရှေ့မှ ဖြတ်သွားသူမှာ စာရေးတော်ကြီး နေမျိုးကျော်ထင်။

"လာဟေ့... စာရေးကြီးကို မုန့် အဝေခိုင်းရအောင်"

မောင်ကတ်ဖဲ့သည် မုန့်ကိုယူ၊ မနန်းစိန်လက် ဆွဲလျက် စာရေးတော်ကြီး နောက်သို့ အပြေးလိုက်သွားသည်။ မီသောအခါ မုန့်ကို အညီအမျှ ခွဲဝေပေးပါရန် တောင်းပန်သည်။

စာရေးတော်ကြီးသည် မုန့်သုံးယှက်ကို ယူသည်။ မောင်ကတ်ဖဲ့ တစ်ခု၊ မနန်းစိန် တစ်ခု ပေးလိုက်သည်။ ကျန်သောတစ်ခုကို ထက်ခြမ်းခြမ်းသည်။ မောင်နှမ နှစ်ယောက်ကို တစ်ခြမ်းစီ ပေးလိုက်သည်။

တစ်ခုကို ထက်ခြမ်း ခြမ်းပေးခြင်းမှာ စာရေးတော်ကြီး မဆိုထားဘိ၊ အခြားသူများအတွက်လည်း အဆန်းတကြယ် မဟုတ်ချေ။ အံ့သြဖွယ်လည်း မဖြစ်ချေ။ သို့ရာတွင် မောင်ကတ်ဖဲ့အတွက်မူ အလွန်ဆန်းကြယ်၏။ ကြီးမားလွန်းသည့် အံ့မခန်းမှုလည်း ဖြစ်၏။

... သည်လို ပညာရှိတဲ့ စာရေးတော်ကြီး အိမ်မှာသာ နေရရင်ငါလည်း သူ့လိုပဲ ပညာရှိမှာပဲ။ စာတွေလည်း တတ်မယ်၊ ပညာတွေလည်း တတ်မယ်၊ စာရေးတော်ကြီးလည်း ဖြစ်လာနိုင်တယ်။

မောင်ကတ်ဖဲ့သည် ထိုသို့ဆင်ခြင်မိသဖြင့် ဈေးရောင်းရာမှ ပြန်လာသော မိခင်အား "အမေ၊ ကျွန်တော် ပညာတွေ အများကြီး တတ်ချင်တယ်၊ စာရေးတော်ကြီးဆီမှာ အပ်နှံပေးပါ" ဟု ပူဆာသည်။

နေ့စဉ်ရက်ဆက် တကျည်ကျည် ပူဆာနေသောအခါ မုန့်သည်မသည် မောင်ကတ်ဖဲ့အား စာရေးတော်ကြီး နေမျိုးကျော်ခေါင်၏ အိမ်သို့ သွားရောက်အပ်နှံထားခဲ့လေ၏။

စာရေးတော်ကြီးသည် "မင်း ငါ့ဆီမှာ ဘယ်လောက်ကြာကြာနေ

mgyoe.com

mgyoe.com


မယ် စိတ်ကူးသတုံး” ဟု လက်ခံစဉ်တွင် မေးရာ မောင်ကတ်ဖဲ့က “နှစ်လ နေပါမည် ခင်ဗျား” ဟု ဖြေခဲ့၏။ စာရေးတော်ကြီးမှာ “ဪ... သူ့ခမျာ တစ်နဲ့ နှစ်ပဲ သိရှာဟန်တူပါရဲ့” ဟု ကရုဏာ တွေးဖြင့် တွေးလျက် လက်ခံထားလိုက်၏။

မောင်ကတ်ဖဲ့အား မင်းပါးစိုးခွင် ဗဟုသုတ၊ လွှတ်တော် ရုံးတော် အတွေ့အမြင်များလည်း ရစေ၊ မိမိလည်း လက်တိုလက်တောင်း ခိုင်းရ စေဟူသောသဘောဖြင့် စာရေးတော်ကြီးသည် မိမိရုံးတက်ရာသို့ မောင်ကတ်ဖဲ့ကို ခေါ်၍သွားလေ၏။

ခေါ်သော်လည်း အလွတ်ကား မခေါ်။ ဆေးပဝါ ဆေးအိတ်ကို လည်ကုပ်ပေါ်တွင်ခွလျက် တင်ပေးသည်။ ကွမ်းအစ်ကို လက်ဖြင့် အပွေ့ ခိုင်းသည်။ စာရေးတော်ကြီးက မြင်းစီးလျက်၊ မောင်ကတ်ဖဲ့က မြင်း နောက်မှ ခြေကျင်လျှောက်လျက် ရုံးသို့လာကြ၏။

ရုံးသို့ရောက်၍ ကွမ်းစားမည်အကြံဖြင့် နောက်သို့လှည့်ကာ ကွမ်းအစ်တောင်းသည်။

မောင်ကတ်ဖဲ့ မရှိ။ ရုံးပြင်သို့ လှမ်းကြည့်၏။ မတွေ့။

စာရေးတော်ကြီး ရုံးပြင်သို့ ထွက်ပြီး မျှော်ကြည့်တော့မှ တနဲ့နဲ့နှင့် လာနေသော မောင်ကတ်ဖဲ့ကို မြင်ရ၏။

“မင်း... တယ်နှေးတာပဲ၊ နောက်နောင်ကို မြင်းမြီးဆွဲပြီး ငါ့ နောက်က ထက်ကြပ်မကွာ လိုက်ရမယ်။ ပေး... ဆေးပဝါနဲ့ ကွမ်းအစ်”

မောင်ကတ်ဖဲ့သည် ထိုစကားကို အသေမှတ်ထား၏။ နောက် တစ်နေ့တွင် စာရေးတော်ကြီး ရုံးတက်ရာသို့ လိုက်ရသောအခါ မြင်းမြီး ကိုဆွဲလျက် ထက်ကြပ်ပါအောင် ကြိုးစားသည်။ ကွမ်းအစ်ရော ဆေးလိပ် ထုပ် ပဝါပါကျကျန်ခဲ့သည်။ ကျကြောင်း မပြော။ ပြန်ကောက်ရန် မကြိုးစား။ သည်တိုင်း ထားခဲ့သည်။

mgyoe.com

mgyoe.com


သို့အတွက် စာရေးတော်ကြီးက စိတ်ဆိုးဆိုးဖြင့် ပြောသည်။

"မှတ်ထားပေါ့၊ ကိုယ့်ဆရာသမားရဲ့ပစ္စည်းဆိုတာ ကွမ်းအစ်ကြီးတစ်လုံးလုံး ကျကျန်ခဲ့ဖို့ မဆိုထားနှင့်၊ ချေးတုံးတစ်တုံးတောင် မကျန်ခဲ့စေရဘူး"

ထိုစကားကို အသေမှတ်ထားသော မောင်ကတ်ဖဲ့သည် နောက်တစ်နေ့တွင် မစင်စွန့်ရန် မြင်းအမြီး ကြွသည်တွင် ကွမ်းအစ်ကို အဖုံးဖွင့်ပြီး ခံပေး၏။ ပြန်ဖုံးပြီး သယ်ဆောင်ခဲ့၏။ လူထုထူတွင် ကွမ်းစားမည်ဟု စာရေးတော်ကြီး ကွမ်းအစ်အဖုံးဖွင့်သောအခါ အရှက်ကွဲလေ၏။

ဤအရွယ်ဖြင့် သည်မျှ ကတ်သီးကတ်ဖဲ့လုပ်သူအား စာရေးတော်ကြီး အလိုမရှိ။ သို့သော် "မောင်ကတ်ဖဲ့၊ မင်း ပြောတုန်းက နှစ်လပဲနေမယ် ပြောတာ၊ အခု လေးငါးလတောင် ရှိပြီ သွားတော့" ဟု နှင်၏။

"ကျွန်တော်နေတာ တစ်လပဲ ရှိပါသေးတယ်"

မောင်ကတ်ဖဲ့က ကောင်းကင်တွင် သာနေသော လကို ညွှန်ပြ၏။

စာရေးတော်ကြီးမှာ ခံပြင်းသော်လည်း ရယ်မောပြီး ဆက်လက်လက်ခံထားရ၏။ သို့သော် ရုံးသို့ကား ခေါ်မသွားတော့ချေ။

စာရေးတော်ကြီး၏ဇနီးသည် တစ်နေ့သော် အိမ်တွင် မုန့်အိုးကင်းကပ် လုပ်၏။ မုန့်စားစေချင်သဖြင့် မောင်ကတ်ဖဲ့အား အခေါ်ခိုင်းရာ အော်ကြီးဟစ်ကျယ် အော်ခေါ်သဖြင့် ရုံးပရိသတ်တွေ ဝိုင်းဝန်း ရယ်မော၏ ။

"တယ်ခက်တဲ့အကောင်ပဲ၊ အနားကပ်ပြီး တိုးတိုးပြောခွင့်သာရင် အနားလာပြော၊ အနားလာလို့မရရင် အဝေးက မျက်စ မျက်နှနှင့် အရိပ်အခြည်ပြရတယ်။ မှတ်ထား"

သေချာစွာ မှတ်မိစေရန် ခေါင်းကို ခေါက်၏။

သို့အတွက် အိမ်နားတွင် မီးလန့်သောအခါ "ဟဲ့... ဟဲ့... နင့်ဆရာ

mgyoe.com

mgyoe.com



ပြေးခေါ်ချေစမ်း” ဟု စာရေးမယားက မောင်ကတ်ဖဲ့အား လွှတ်သည်။ မလွှတ်၍ မဖြစ်ပေ။

“အလေးအပင်ကြီးတွေ မသယ်နဲ့ဟဲ့၊ များများနဲ့ မြန်မြန် ပါအောင် ပေါ့ပေါ့ပါးပါးတွေ သယ်ပါဟဲ့” ပြောသဖြင့် အဝတ်ထုပ်၊ အိပ်ရာ၊ ခြင်ထောင်ကို သယ်ရမည့်အစား ဖွဲတောင်းတွေကို ထမ်းထုတ်နေသည် မဟုတ်လား။

မောင်ကတ်ဖဲ့သည် စာရေးကြီး ရုံးတက်ရသော လွှတ်တော်သို့ ကား အပြေးလာပါ၏။ ရေးကြီးသုတ်ပျာ သေပြေးရှင်ပြေးမခေါ်။ လှေကားထိပ်တွင်ရပ်လျက် မျက်စပစ်ပြနေသည်။ ရုံးဆင်းချိန် ရောက်တော့မှ သူ့ကို စာရေးကြီး မြင်၍ အကျိုးအကြောင်း မေးသောအခါ နားနားသို့ကပ်ပြီး တီးတိုးပြော၏။

“စာရေးတော်ကြီး ခင်ဗျား၊ အိမ်နားမှာ မီးလောင်နေလို့ မမက အခေါ်ခိုင်းလိုက်ပါတယ် ခင်ဗျား”

စာရေးတော်ကြီးမှာ ရင်ဘတ်ကိုထုပြီး မြင်းကို စိုင်းနှင်ပြေး၏။ တော်ပါသေး၏။ မီးကို လူနိုင်သောကြောင့် တစ်ကွက်ကျော်မှာပင် ငြိမ်းသွား၏။ စာရေးတော်ကြီး လင်မယားမှာ မောင်ကတ်ဖဲ့ကို အိမ်တွင် မထားချင်ဘဲ ထားနေရ၏။ ထားနေရသောအခါ ခိုင်းစေမိ၏။

တစ်နေ့သားတွင် အိမ်ရှင်မသည် အပြင် သွားစရာရှိသဖြင့် “ဟဲ့... ကတ်ဖဲ့၊ ပုခက်ထဲမှာ ကလေးအိပ်နေတယ်၊ ကြည့်ထားလိုက်စမ်း” ဟု မှာကာ ဒရောသောပါး ထွက်လာသည်။

ထို့နောက် ဆောင်ရွက်စရာများ အပြေးအလွှားဆောင်ရွက်သည်။ အိမ်သို့ ကတိုက်ကရိုက် ပြန်လာသည်။

ကလေးငိုသံကို အဝေးကြီးမှပင် ကြားရသည်။

စာရေးကြီးမယား အပြေးလာသောအခါ ကလေးကို လှေကား

mgyoe.com

mgyoe.com



ရင်း၌ တွေ့ရသည်။ ကလေးမှာ သွေးသံရဲရဲဖြင့် တက်မတတ် ချက်မတတ် ငိုနေသည်။

ကလေးကို အပြေးပွေ့ချီရင်းက "မင်းနှယ်ကွယ်၊ ကလေးကို ကြည့်လိုက်ပါ သေသေချာချာ မှာခဲ့ပါလျက်နဲ့ ဖြစ်ရလေ၊ ဘယ်သွားသေနေတုံး" ဟု မာန်မဲသည်။

"မမရယ်၊ ရွှေကြက်ယက်ဘုရား စူးရစေရဲ့၊ ကျွန်တော် ဘယ်မှ မသွားဘဲ ကလေးကို ကြည့်နေပါတယ်။ ကြည့်နေတဲ့အတွက် ကလေး ပုခက်ပေါ်က လိမ့်ကျတာ မြင်ရပါတယ်။ ဒါကြောင့် ပိုပြီး စေ့စေ့စပ်စပ် ကြည့်နေတုန်းမှာ ကလေးဟာ လှေကားထိပ်က လိမ့်ကျရာမှာ လှေကားပေါင်နှင့် ခေါင်းနှင့် ရိုက်မိပြီး ခေါင်းကွဲသွားလို့ ထွက်လာတဲ့သွေးတွေ"

"သွား... သွား၊ ဟဲ့... ခွေး၊ အရူး၊ ငါ့ရှေ့မှာ မနေနဲ့"

ညနေတွင် စာရေးတော်ကြီး လွှတ်တော်မှ ပြန်လာသောအခါ ကလေးခေါင်းကွဲနေသည်ကို တွေ့ရသဖြင့် အလွန်စိတ်ဆိုးသည်။

သည်ကောင်ကို ဘယ်လိုလုပ်ရပါမတုံးဟု အကြံထုတ်ရာ လထွက်လာချိန်၌ အကြံပေါ်လာသည်။

အလွန်ဝမ်းသာစွာဖြင့် မောင်ကတ်ဖဲ့ကို လှမ်းခေါ်သည်။

"ဟို... အရှေ့အရပ်မှာ ပြည့်ပြည့်ဝဝ ထွန်းလင်းနေတဲ့ လတစ်လကို မြင်ရဲ့လား"

မောင်ကတ်ဖဲ့ ခေါင်းညိတ်ပြသည်။

"ဟောသည် ရေအင်တုံထဲမှာလည်း လတစ်လ၊ စုစုပေါင်း လနှစ်လ၊ တွေ့ပြီ မြင်ပြီ မဟုတ်လား။ တွေ့ရင် မြင်ရင် မင်း ငါ့အိမ်ပေါ်က အခုဆင်း၊ မင်းအမေအိမ်ကို ကြွတော်မူပေတော့ ကိုယ်တော်ချော"

"ကျွန်တော် နောက်ထပ် နှစ်လလောက် နေပါရစေဦး ခင်ဗျာ"

mgyoe.com

mgyoe.com


ထိုအခါ စာရေးတော်ကြီးမယားက "အလို... မောင်မင်းကြီးသား၊ မောင့်ခြေဖျားကို ဦးသုံးကြိမ်ချပါရဲ့၊ ကြွတော်မူပါတော့" ဟု အိမ်ထဲမှ လှမ်းအော်လေ၏။

*

## လူသရော် လူနောက် လူပြောင်

မောင်ကတ်ဖဲ့မှာ စာရေးတော်ကြီးအိမ်မှ အကြားအမြင် အနည်းငယ် ရခဲ့သည်။ စာရေးတော်ကြီး စိတ်လိုလက်ရရှိသည့်အခါများတွင် စာသင်ပေးသဖြင့် လေးငါးဆယ်လုံးမျှ တတ်ခဲ့သည်။ ယခု အိမ်ပြန်ရောက်သော အခါ မဆတ်တင့်ဖြစ်နေသည်။ သို့အတွက် ဘုန်းကြီးကျောင်းတွင် ထားပေးပါရန် မိခင်အား ပူဆာလေ၏။

မုန့်သည်မကြီးမှာ အချိန်ရှိသရွေ့ နားပူနားဆာ အတိုက်ခံနေရ ကား နားမှ အေးပါစေတော့ဟု သဘောထားကာ မောင်ကတ်ဖဲ့အား ဘုန်းကြီးကျောင်း၌ ကျောင်းထားပေးလိုက်လေတော့သည်။

သို့သော် မောင်ကတ်ဖဲ့ ရောက်သွားသောကျောင်း၌ မောင်ကတ်ဖဲ့ လိုလူမှာ မောင်ကတ်ဖဲ့ တစ်ယောက်တည်း ရှိသည်မဟုတ်ချေ။

သူလိုလူ နှစ်ယောက် ရှိနှင့်သည်။

ထိုနှစ်ယောက်ကား ငလက်တိုနှင့် ငညိုပေတည်း။

ငလက်တိုက ပခန်းမှ၊ ငညိုက ချီပါမှ ဖြစ်ကြသည်။

တစ်ခုသော နံနက်တွင် သူတို့သုံးယောက်သည် ဆွမ်းစဉ်သို့ လိုက်လာကြရသည်။ သူတို့ကျောင်းမှ ဖိုးသူတော်နှင့်အတူ မြောက်ကျောင်း ဦးသူတော်လည်း အတူလိုက်ပါ ကြွရောက်သည်။

သူတော်နှစ်ပါးသည် ကျပ်တွေထမ်းလျက် ရှေ့မှ သွားကြသည်။

မောင်ကတ်ဖဲ့တို့ကား နောက်ဘက် ခပ်လှမ်းလှမ်းမှ ပါလာသော

mgyoe.com

mgyoe.com



ဘုန်းတော်ကြီးတွေ၏ သပိတ်၊ ယပ်တောင်နှင့် ဆွမ်းဟင်း ဇျပ်များ လွယ်ထား၊ ရွက်ထားလျက် သူတော်နှစ်ပါး နောက်မှ သုတ်သုတ်လိုက်ပါ လာကြသည်။

မောင်ကတ်ဖဲ့သည် သူတော်နှစ်ယောက် ကျပ်တယမ်းယမ်းဖြင့် ရင်ပေါင်တန်း သွားနေသည်ကို ကြည့်ရင်း "ငါတို့ ဦးသူတော်က တကယ် လမ်းသွားမြန်တာပဲ" ဟု လျှာယားတော့သည်။

"မဟုတ်ဘူးကွ၊ မြောက်ကျောင်း ဖိုးသူတော်ကမှ လမ်းသွား မြန်တာ"

ဆန့်ကျင်စကားဆိုသူကား ငညို။

"မဟုတ်ဘူး၊ ငါတို့ ဦးသူတော်"

"ဟုတ်တယ်၊ မြောက်ကျောင်း ဖိုးသူတော်"

ကတ်ဖဲ့နှင့် ငညိုတို့၏အငြင်းအခုံသည် ဖိုးသူတော်များအား လှုပ်ခတ်လေပြီ။ သည်ကျောင်း ဦးသူတော်က ဟိုကျောင်း ဖိုးသူတော် ထက် ရှေ့ရောက်နေစေရန် သုတ်သုတ်လှမ်းသည်။ သည်အခါ နောက်ကျ ကျန်ခဲ့သော ဖိုးသူတော်က ပိုပြီး သွက်သွက်လှမ်းရာ ဦးသူတော်၏ရှေ့သို့ ရောက်သွားပြန်လေ၏။ တစ်ဦးက ရှေ့ရောက်သွားလျှင်...

"ဟော... ငါတို့ ဦးသူတော်က တကယ်မြန်တာ၊ ရှေ့ရောက် သွားပြီ"

ငလက်တိုနှင့် ကတ်ဖဲ့က လက်ခုပ်လက်ဝါး တီးလျက် ကောင်းချီး ပြု၏။ ထိုအခါ ဖိုးသူတော်က အားကျမခံ ပြေးမတတ်သွားသဖြင့် ကျော် သွားပြန်ရာ...

"ဟေး... မြောက်ကျောင်း ဖိုးသူတော်ကမှ အဟုတ်ခြေလှမ်း သွက် တာကွ"

ငညိုက လက်ခုပ်တီးလျက် ဩဘာပေး၏။

mgyoe.com

mgyoe.com



ဖိုးသူတော်များမှာ သူ့ထက်ငါ သာအောင် လျှောက်ရင်းက ပြေးမှန်းမသိ ပြေးမိကြရာက သိသိသာသာ ဒုန်းစိုင်းပြေးမိကြလေတော့၏။

ကတ်ဖဲ့နှင့် လေက်တို ညို့တို့ကလည်း လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် ပျော်ရွှင်စွာ ညာသံပေးလျက် လိုက်လာကြ၏။

ဦးသူတော် နှစ်ယောက်မှာ မိမိတို့အမှားကို ရွာနားသို့ရောက်မှ သိကြတော့သည်။ မသိ၍လည်း မဖြစ်။ တစ်ကိုယ်လုံး ချွေးတွေ ရွှဲနေပြီ။ ကျပ်တွေ အဖုံးပွင့်လျက် ကျွမ်းထိုးမှောက်ခုံဖြစ်ကုန်ပြီ။

"မြောက်ကျောင်း ဖိုးသူတော်က"

ညို အော်လျက် ရောက်လာသည်တွင် "ဟော့... ဟော့... တော်တော့" ဟု မြောက်ကျောင်း ဖိုးသူတော်က ဆီးပြီး ငေါက်၏။

"နင်တို့မြောက်လို့ ငါတို့ ပြေးမိတာ၊ တန်တော့"

ကြီးကဲသူဖြစ်ပါလျက် လက်အောက်ငယ်သားတို့ လုပ်သမျှကို ခံရပါကလားဟု ဖိုးသူတော်တွေ သဘောပေါက်ချိန်တွင်ကား ကတ်ဖဲ့တို့သည် အားရပါးရ ရယ်မောလျက် ကိုယ်ရှိန်သတ်လိုက်ကြလေ၏။

ကိုယ်ရှိန် သတ်လိုက်စေကာမူ ကတ်ဖဲ့နှင့် လေက်တို ညို့တို့သည် သူတို့၏ ဖိုးသူတော်အား နောက်စရာ၊ ပြောင်စရာဟု သဘောပိုက်သွားလေပြီ။ သို့အတွက် ညိုသည် ကြောင်တစ်ကောင် ဖမ်းလာပြီး ဖိုးသူတော်ထံ သွားသည်။ ဖိုးသူတော်မှာ ဘုရားဝတ်ပြု၊ ပရိတ်ရွတ်၊ မေတ္တာပို့ပြီးသွားသဖြင့် အိပ်ရာဝင်ရန် ပြင်ဆင်ခင်းကျင်းနေသည်။

"ဦးသူတော်နှင့် ကျွန်တော် စကားနိုင် ငြင်းချင်သဗျာ"

"နင်ကလား ငါ့ကို၊ ငြင်းလေ၊ ဘာငြင်းမတုံး"

ဖိုးသူတော်သည် အိပ်ရာကို ပြီးစီးအောင် မခင်းဘဲ ညိုဘက်သို့ မျက်နှာလှည့်ကာ ထိုင်သည်။

ထိုင်သော်လည်း ညို၏ ပေါင်ပေါ်ရှိ ကြောင်ကိုကား မမြင်ရချေ။

mgyoe.com

mgyoe.com



"ကျောင်း ခေါင်းရင်းမှာ ရေအိုးစင်ကပ်ပြီး ရိုက်ထားတဲ့ သစ်ပင်ဟာ ဘာပင်တုံး ဦးသူတော်"

"ဟဲ့... အဲဒါ မန်ကျည်းပင်ပေါ့ဟ"

"ဘယ်က မန်ကျည်းရမှာတုံး၊ ညောင်ပင်ပါဗျာ"

"မန်ကျည်းဟေ့"

"ညောင်ပင်ဗျာ"

ဘယ်သူ့ ဘယ်သူမှ အလျှော့မပေးကြ။ တစ်ယောက်တစ်ခွန်း ငြင်းသည်။ ဖိုးသူတော်က အိပ်ရာထဲတွင် ပစ်လှဲရာက "မန်ကျည်း" ဟု ပြောသည်။ ညိုကလည်း "ညောင်" ဟု တစ်လုံးတည်း ပြောရင်း ဖျာလိပ်ထဲသို့ ကြောင်ကို ထည့်သည်။ အပေါ်က ပိတ်ဆို့ဖိထားသည်။

"မန်ကျည်း"

"ညောင်"

"မန်ကျည်း"

"ညောင်"

မန်ကျည်းဟု အော်သူမှာ ဦးသူတော် ဖြစ်မြဲဖြစ်နေသော်လည်း ညောင်ဟု အော်သူမှာ ညို မဟုတ်တော့ချေ။ ညို ကိုယ်စား အော်ပေးသူမှာ ဖျာလိပ်ခေါင်းထဲရှိ ကြောင်ဖြစ်သည်။ ကြောင်မှာ ထွက်ပေါက်ရှာရင်း သဘာဝတိုင်း အော်သည်။ ထိုသို့ အော်သော သဘာဝကို ညိုက အမိအရ အသုံးချခြင်း ဖြစ်သည်။

ညိုက တစ်နေရာသို့သွားပြီး သိုးနေအောင် အိပ်ပြီ။ ဖိုးသူတော်မှာကား ကြောင်က ညောင်မြည်တိုင်း မန်ကျည်း အော်သဖြင့် တစ်ညလုံး မအိပ်ရတော့ချေ။ ဖိုးသူတော်ကြီးအား ညို ထိုသို့လုပ်ကြောင်း တစ်ကျောင်းလုံး သိသွားသောအခါ ဦးသူတော်မှာ ရှက်၍ မဆုံးတော့ပါ။

*

mgyoe.com

mgyoe.com



## စကားနိုင် တကယ်လုပြီ

ကတ်ဖွဲ့နှင့် လေကတ်တို ညီုတို့သည် တကယ့်လူတွေဖြစ်ကြောင်း တစ်နေ့တခြား ပေါ်လွင်လာပြီ။ တစ်နေ့တွင် ကိုရင်ကြီးသည် ထိုသုံးယောက်အား မိမိရှေ့သို့ ခေါ်သည်။ ငှက်ပျောသီးတွေ၊ ထန်းလျက်တွေ၊ မုန့်ဖက်ထုပ်တွေကိုလည်း ရှေ့တွင် ပုံထားသည်။

"အဲဒီဟာတွေ တဝတပြ စားချင်ရင် မင်းတို့သုံးယောက် စကားနိုင်လုရမယ်။ ကိုင်း... လေကတ်တိုက စပြောကွာ"

သို့ကြောင့် လေကတ်တိုက စတင် ပြော၏။

"အတော်ကောင်းတဲ့ ခွေး ဘုရား၊ သည်ခွေးမျိုးကို ဘယ်သူမှ မြင်ဖူးမယ် မထင်ဘူး။ ဘာကြောင့်တုံး၊ ဘာကောင်းတုံးဆိုတော့ အပြေးကောင်းတာ"


ဖိုးသူတော်ကြီးအား တစ်ညလုံး မအိပ်ရအောင် နှောက်သော ညီုတို့ စကားနိုင်လုနေကြသည် သတင်းကြားသဖြင့် ကျောင်းသားတွေ၊ ကိုရင်လေးတွေ ဝိုင်းအုံလာကြသည်။ လေကတ်တိုက ဆက်ပြောသည်။

"ဒါလောက်ကောင်းတဲ့ ခွေးကို မြင်ဖူးသူရှိမယ် မဟုတ်ဘူး ပြောရအောင် ကောင်းတဲ့ အဲသည်ခွေးကို တောလိုက်ဖို့ တောထဲခေါ်သွားတယ်။ တောထဲရောက်လို့ ယုန်သုံးကောင်လည်း မြင်လိုက်ရော ခွေးမရှိတော့ဘူး။ ပျောက်သွားပြီ၊ ဟာ... အရေးထဲမှာ ငါ့ခွေး ဘယ်ရောက်သွားပါလိမ့် ဖြစ်နေတုန်းမှာ ခွေးက ပြန်ရောက်လာပြီ။ ဟော... ပါးစပ်ထဲမှာ ယုန်သုံးကောင် ကိုက်လျက်သား၊ ယုန်တွေရဲ့ နောက်ကို ပြေးလိုက်သွားတာ လူက မမြင်လိုက်ဘူး။ ယုန်သုံးကောင်လုံးကို တစ်ချီတည်း မိအောင် ပြေးကိုက်နိုင်တဲ့ ခွေး၊ အဲသာလောက် မြန်တာ၊ အဲသာလောက် အပြေးကောင်းတာ"

"ဟုတ်တယ်ဟေ့၊ မင်းခွေးဟာ တကယ့် ခွေးကောင်းပါကလား"

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



ကိုရင်ကြီးက မှတ်ချက်ချအပြီးတွင် ငညိုကို မေးငေါ့ပြီး "မင်း ကရော ဘယ်လိုတုံးဟေ့" ဟု ဆိုသည်။

သို့ဖြင့် ငညိုသည် အလွန်ကောင်းသော နွားအကြောင်းကို ပြော လေ၏။

ထိုနွားကောင်းကို လှည်းတပ်ကာ လှည်းပေါ်တွင် မိန်းမတစ်ယောက် ကို တင်ပြီး အင်းဝမှ မန္တလေးတောင်ခြေသို့ အပြင်းစိုင်းနှင်လာခဲ့သည်။ လှည်းသမားက တောင်ခြေသို့ရောက်မှ နောက်သို့ လှည့်ကြည့်သည်။

"ရောက်ပြီ၊ အဲဒါ"

သို့သော် ခရီးသည် ပါမလာတော့ပါ။ လမ်းတွင် ကျကျန်ခဲ့ပြီ။

လှည်းသမားသည် လှည်းကို ချက်ချင်း နောက်ကြောင်း ပြန်လှည့် သည်။ ဒုန်းစိုင်းလာသည်။ ကောင်းလိုက်သည့် နွား။ ခရီးသည်မိန်းမ လှည်းပေါ်မှ ကျကျန်ခဲ့ရာ မြေပေါ်သို့မရောက်သေး။ လေထဲမှာပင် ရှိသေး သည်။

သို့ကြောင့် လှည်းသမား အပြေးအလွှား ခုန်ဆင်းသည်။ ခရီး သည်ကို ပွေ့ယူသည်။ လှည်းပေါ်သို့တင်ပေးသည်။ ထို့နောက် မန္တလေး တောင်ခြေသို့ ပြန်လည်မောင်းနှင်ခဲ့လေသတည်း။

ကျောင်းသားတွေ၊ ကိုရင်တွေ ဝါးခနဲ ရယ်မောကြ၏။

ကိုရင်ကြီးကလည်း "မင်း နွားကလည်း နွားကောင်းပေပဲ" ဟု ချီးမွမ်းရာက ကတ်ဖဲ့အား မေးဆတ်၏။

"ဟိုကောင်… ကတ်ဖဲ့၊ သူတို့ကို နိုင်အောင် ပြောနိုင်ပါ့မလား"

ထိုအခါတွင် ကတ်ဖဲ့သည် ထမ်းပိုးကောင်းတစ်ချောင်း အကြောင်း ကို ပြောပြလေသည်။

"တပည့်တော် ထမ်းပိုးကောင်းတစ်ချောင်း တွေ့ဖူးတယ် ဘုရား၊ ထမ်းပိုးတစ်ဖက်တစ်ချက်မှာ တောင်းပလုံးတွေ၊ ဝန်စည်စလယ်တွေ

mgyoe.com

mgyoe.com


ချိတ်ပြီး ထမ်းသွားတဲ့အခါ ထမ်းစမှာ ညွတ်ပဲ့ ညွတ်ပဲ့နဲ့ နေသလို ကျိုတ် ကျိုတ် ကျိုတ်ကျိုတ် မြည်တယ်။ ထမ်းတဲ့သူရဲ့ ပခုံးနဲ့လည်း မထိဘူး။ လက်တစ်လုံးလောက် ကွာနေတယ် ဘုရား"

"ညွတ်ပဲ့ ညွတ်ပဲ့နေလို့ ကွာသွားတာပေါ့လေ"

ကိုရင်ကြီးက ထင်မြင်ချက်ပေးသဖြင့် ကျောင်းသားတွေ ဝေါခနဲ ရယ်မောကြ၏။

ကိုရင်ကြီးက ရယ်မောသူများအား တုတ်ထောင်ပြပြီး ကတ်ဖဲ့အား ဆက်အပြောခိုင်း၏။

"ကျိုတ်ကျိုတ် ကျိုတ်ကျိုတ်နဲ့မြည်ပြီး ထမ်းလာလိုက်တာ တော် တော်ကလေး ကြာသွားတဲ့အခါ ထမ်းပိုးနဲ့ ပခုံးဟာ တစ်ထွာလောက် ကွာသွားပြီ ဘုရား။ ဟော… ခရီးတစ်တိုင်လောက် ထမ်းမိချိန်မှာတော့ ထမ်းတဲ့လူဟာ ထမ်းဖို့ မလိုတော့ဘူး။ ထမ်းပိုးစွန်းက တောင်းထဲမှာ အသာကလေးထိုင်ပြီး လိုက်သွားရတော့တာပါပဲ ဘုရား"

မဆူကြရန် တုတ်ထောင်ပြသော ကိုရင်ကြီးကိုယ်တိုင် တဟား ဟား ရယ်မိကာ "ကတ်ဖဲ့ရဲ့ထမ်းပိုးက သာပြီး ကောင်းပါပေတယ်" ပြောမိလေ၏။

ကိုရင်ကြီးက ထိုသို့ ချီးမွမ်းသောအခါ ညို မကြိုက်။ သို့အတွက် အနိုင်ရအောင် လုပ်မည်စိတ်ကူးလျက် ပွဲသစ်တစ်ခု ထပ်မံဖန်တီးသော အားဖြင့် "မင်းတို့ ဘူးသီး ဘယ်လောက်ကြီးကြီး မြင်ဖူးကြသတုံး" ဟု စလိုက်လေ၏။ သို့သော် ပွဲမဖြစ်။ ကတ်ဖဲ့၏စကားတစ်လုံးကြောင့် ပွဲပျက်သွားချေ၏။

ကတ်ဖဲ့စကားမှာ "မင်းတို့ပြောမယ့် ဘူးသီးထက် ငါ့ဘူးသီးက တဆိတ်ကြီးသကွ" ဟူ၍ ဖြစ်ပေသတည်း။

ကျောင်းတိုက်၏ အကြီးအကဲဆရာ ဘုန်းတော်ကြီးသည်

mgyoe.com

mgyoe.com



ထိုသတင်းကို ကြားသောအခါ ရွှင်လန်းစွာ ပြုံးလျက် "သည်ကလေး စကားတောင်စားပါကလား" ဟု မိန့်တော်မူ၏။

သို့ဖြင့် မောင်ကတ်ဖဲ့မှာ ထိုအချိန်မှစပြီး "စကားတောင်စား" အမည်တွင်လေတော့၏။

*

## လူပြောင်မှ လူလိမ်သို့

ငလက်တိုတို့၊ ညိုတို့သည် ကျောင်းမှ ထွက်ပြီးနောက် တကွဲ တပြား ဖြစ်သွားကြသည်။ လယ်လုပ်သူ၊ ကုန်သွယ်သူ၊ မင်းမှုထမ်း စသည်ဖြင့်။

သို့တစေ ငလက်တိုနှင့် ညိုကား ကွဲကွာမသွားပေ။ ခဏတစ်ဖြုတ် ကွဲကွာသွားစေကာမူ ပြန်လည်ပေါင်းစည်းသည်။ အလုပ်အကိုင်ကို အတူတကွ လုပ်ကိုင်ကြသည်။ လုပ်ကိုင်သော အလုပ်ကား သမ္မာအာဇီဝ မဟုတ်။ ကတ်ဖဲ့ပြောပြီး အရယူသောနည်း၊ လိမ်လည်သော နည်းလမ်း ဖြင့် လုပ်ကိုင်စားသောက် နေထိုင်ကြခြင်း ဖြစ်သည်။

တစ်နေ့သ၌ အဝမြို့တွင် ထင်ရှားလူသိများသော သူဌေးတစ်ဦး ကွယ်လွန်လေသည်။

သူဌေးအမည်မှာ ဦးပြောင်ဖြစ်သည်။ သားထောက်သမီးခံ များများ စားစား မကျန်ခဲ့။ သား မောင်ကောင်းစံတစ်ယောက်သာ ကျန်ခဲ့သည်။ အမွေများကို မောင်ကောင်းစံတစ်ဦးတည်းသာ ရလိမ့်မည်။

ထိုသတင်းကို ငလက်တို ကြားသောအခါ စုံစေ့အောင် လေ့လာပြီး နောက် ညိုအား လိုက်လံရှာဖွေသည်။ ပြောဆိုတိုင်ပင်သည်။ သက်န်း တစ်စုံ ငှားသည်။ သျှောင်တစ်လုံး အဆုံးခံကာ ဝတ်ဆင်လိုက်သည်။

တစ်ခုသောနေ့တွင် သူဌေးကလေး မောင်ကောင်းစံ၏ တိုက်ထဲသို့

mgyoe.com

mgyoe.com



ရဟန်းယောင် လေက်တိုသည် ကြီးမားသော ယပ်ကြီးထမ်းလျက် ကြွလာသည်။ သူ့နောက်တွင် ပါလာသော ကပ္ပိယမှာ ညီပို ဖြစ်သည်။ အိတ်စွတ်ထားသော သပိတ်ကိုလွယ်၊ စာထုပ်နှင့် သက်န်းကြီးကို ပခုံးပေါ်တင်ထားသည်။

သူဌေးကလေးသည် ကောင်းမွန်စွာနေရာထိုင်ခင်းပေးကာ

"အရှင်ဘုရား ဘယ်အရပ်က ဘာကိစ္စကြွလာပါသတုံး ဘုရား" ဟု ရိုသေစွာ မေး၏။

"ဒါယကာ သူဌေးလေး၊ ငါဟာ မြို့ပြင် တောကျောင်းမှာ သီတင်းသုံးသကွဲ့။ ဒကာကြီး ဦးပြောင် အနိစ္စရောက်ကြောင်း ကြားလျှင်ကြားချင်း လာလိုသော်လည်း သူဌေးလေးတို့မှာ သောကမီးလောင်နေချိန်ဖြစ်တဲ့အတွက် မလာဘဲ နေခဲ့တယ်။ လှူဒါန်းကျွေးမွေးချိန်မှာလည်း မပင့်မဖိတ်ဘဲ မကြွကောင်းတဲ့အတွက် ဆိုင်းငံ့နေခဲ့ရာက အခု သူဌေးလေးမှာ သောကငြိမ်စပြုမှပဲ ကြွလာခဲ့ရတော့တယ်"

"မှန်ပါ ဘုရား၊ လာရင်း ကိစ္စ"

"အေး... ဟုတ်သားကပဲ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဒါယကာကြီး ဦးပြောင်ထံမှာ ငွေတစ်တင်း အပ်နှံထားခဲ့တယ်။ အဲဒါကို အခု လာတောင်းတာပဲ။ တမလွန်ဘဝသို့ ပြောင်းရွှေ့သွားတဲ့ မွေးသဖခင်ရဲ့ ကောင်းမွေကို ခံစံရသူဖြစ်တဲ့အတွက် ငါ ယုံကြည်လို့ အပ်နှံထားခဲ့တဲ့ ဒီငွေကိစ္စကို ကွယ်လွန်သူက မှာမထားခဲ့ဘူးလား။ ငါကတော့ သူဌေးကလေးအတွက် အပန်းမကြီးတဲ့အတွက် အခုပဲ ပေးလိမ့်မယ် ယုံကြည်တယ်"

မောင်ကောင်းစံသည် လေက်တိုအား စူးစိုက်ကြည့်နေခဲ့၏။

"အခု မိန့်ကြားတာဟာ ရဟန်းတော်တစ်ပါးရဲ့ စကားဖြစ်ပေမဲ့ တပည့်တော် မယုံဘူး ဘုရား၊ ဘာကြောင့်တုံးဆိုတော့ ငွေတစ်တင်းကိစ္စ

mgyoe.com

mgyoe.com



ကို အဖေ ပြောသံလည်း တစ်ခါမှ မကြားဘူးသလို အရှင်ဘုရားကိုလည်း မမြင်ဖူးဘူး။ အဖေရှိတုန်းကလည်း တစ်ကြိမ်တစ်ခါမှ ကြွလာတာ မမြင်ဘူးတဲ့အတွက် မပေးနိုင်ဘူး ဘုရာ့"

လေက်တိုသည် စိတ်ဆိုးဟန်ဖြင့် ကြမ်းပြင်ကို လက်ဝါးဖြင့် ပုတ်သည်။ ကေသီကိုပြင်ပြီး တင်သည်။

"သယ်... ရိုင်းလိုက်လေကွယ်၊ ဟော့... ဒကာလေး၊ ဒကာဟာ မိဘရဲ့ကောင်းမွေကိုတော့ စံပြီး ပေးစရာရှိတာကျတော့ မပေးချင်ဘူး။ တော်သကွယ်၊ ဟော့... ဒီမယ် ဒကာရဲ့၊ သည်ငွေတစ်တင်းကို ငါက ထမ်းပို့တာ မဟုတ်ဘူး။ ဒကာကြီး ဦးပြောင်ဟာ ဆရာရင်း ဒကာရင်း ဖြစ်တဲ့အတိုင်း ကျောင်းကို မကြာခဏလာရင်းက အနာမာသဝတ္ထုကို ရဟန်းတို့လက်မှာ မထားကောင်းဘူးဆိုလို့ ငွေတစ်တင်းကို ဟောသည် ကပ္ပိယလက်နှင့် ခြင်ပေးလိုက်တာကွဲ့"

ကပ္ပိယ ညီဖြူသည် ငြိမ်ဆိတ်စွာ နေခဲ့ရာက လှုပ်ရှားလာ၏။

"ကိုယ်တော်... ကိုယ်တော်၊ ဒေါသရှေ့မထားဘဲ စဉ်းစားပြီး ပြောပါ ဘုရား၊ သူ့ပစ္စည်းကို ပိုပြီး မတောင်းကောင်းပါဘူး၊ မုသား မပြောကောင်းပါဘူး။ ဦးပြောင်ကို တပည့်တော် ခြင်ပေးလိုက်ရတဲ့ ငွေဟာ တစ်တင်းမပြည့်ပါဘူး။ အကွပ်အောက်မှာပဲ ရှိပါတယ်"

မောင်ကောင်းစံ၏ သံသယမျက်လုံးသည် ညီဖြူထံ ရွေ့သွား၏။

"တစ်တင်းမပြည့်ဘဲ အပြည့်လုပ်ပြီး တောင်းရင် အပြစ်မလွတ်ဘဲ ရှိနေပါမယ် ဘုရား၊ ဒါကြောင့် ဒကာ ဦးပြောင်ထံ အပ်နှံလိုက်စဉ်က တစ်တင်းမပြည့်ကြောင်း တပည့်တော် ကျမ်းသစ္စာ ကျိန်ဝံ့တယ် ဘုရား၊ အကွပ်အောက်မှာပဲ ရှိတာပါ ဘုရား"

သူ့ငြေးကလေး လည်ထွက်သွားပြီ။

"ကိုယ်တော်ပြောတော့ တစ်တင်းဆို ဘုရား၊ ကိုယ်တော့် ကပ္ပိယ

mgyoe.com

mgyoe.com


ကပြောတော့ အကွပ်အောက်မှာတဲ့။ သည်တော့ သံသရာ မပါအောင် ကိုယ်တော့်ငွေကို ပေးပါမယ်။ သို့သော် အကွပ်အောက်ပဲ ပေးနိုင်မယ်"

မောင်ကောင်းစံသည် တင်းတောင်း နှုတ်ခမ်းကို ကွပ်ထားသော အကွပ်အောက်အထိ ငွေဒင်္ဂါးများ ထည့်ပေးလိုက်လေသည်။

ဦးပြောင်ထံသို့ တစ်ရွေးမျှ အပ်မထားသူများသည် ဝမ်းသာအားရဖြင့် ထွက်ခွာလာခဲ့ကြလေ၏။ သူတို့သည် လူသူဝေးလံသော တောချုံအောက်အရောက်တွင် အယောင်ဆောင်ဘဝကို စွန့်သည်။ လိမ်၍ရခဲ့သော ငွေများကို ခွဲဝေယူကြသည်။

"ရော့... မင်းတစ်ကျပ်၊ ငါတစ်ကျပ်" ဆိုကာ အညီအမျှ ခွဲဝေလိုက်လျှင် ပြီးစီးသည်။ သို့သော် လောဘတက်သည့်အတွက် မပြီး။

"ဟေ့... ငါက သျှောင်တစ်လုံး အဆုံးခံရတဲ့အတွက် သုံးပုံ နှစ်ပုံ ရသင့်သကွ၊ မင်းက တစ်ပုံပဲ ယူ"

("သျှောင်တစ်လုံး အဆုံးခံ" ဆိုသည်မှာ ခေါင်းပေါ်တွင် အမြတ်တနိုးထားသော သျှောင်ထုံးကို ရိတ်ဖြတ်ပစ်ပြီး ခေါင်းတုံး တုံးသည်ကို ခေါ်၏)

"ဟေ့... ငလက်တိုရ၊ မင်း... ဘယ်လောက်ပဲ သျှောင်တစ်လုံး မကလို့ ဆယ်လုံးပဲ အဆုံးခံခံ သည်ငွေတွေရတာ မင်းအစွမ်း မဟုတ်ဘူး။ ငါပြောတော့မှ သူဌေးကလေး ယုံသွားပြီး ပေးလိုက်တာ။ ဒါကြောင့် မင်းသာ သုံးပုံတစ်ပုံ ယူသင့်တာကွ"

သို့ဖြင့် အဝေမတည့်ကြ၊ ငွေဒင်္ဂါးများကို အိတ်ထဲသို့ပြန်ထည့်သည်။

"မောင်ကောင်းစံနဲ့ ဝေးတဲ့နေရာရောက်မှ ခွဲကြတာပေါ့ကွာ။ လောလောဆယ်တော့ ထမင်းဆာပြီကွာ၊ သွားကြစို့" ဆို၍ ငညိုသည် ငွေအိတ်ကိုထမ်းကာ ရှေ့မှ စိုက်စိုက် စိုက်စိုက်နှင့် သွားလေ၏။

ငလက်တိုလည်း နောက်မှ ဖတ်သီ ဖတ်သီဖြင့် လိုက်ရလေ၏။

mgyoe.com

mgyoe.com



တောတန်းတစ်ခုသို့ ရောက်လာသည်။

"မောင်လက်တိုရေ... ခဏလေးဟေ့၊ ခဏလေး"

ညိုသည် အခင်းကြီး သွားလိုဟန်ဖြင့် တောတန်းအကွယ်သို့ ဝင်၏။ လေက်တိုအား မမြင်ရတော့မှ နီးရာ ကောက်ရိုးပုံကြီးထဲသို့ ဝင်ရောက်ပုန်းအောင်းနေလေ၏။

အခင်းကြီးသွား၍ ပြီးစီးချိန်တန်သော်လည်း ညို ပေါ်မလာချေ။ သို့အတွက် တောတန်းထဲသို့ လေက်တို ဝင်လာသည်။ ညို မရှိပါ။

တောင်မြောက်လေးပါးသို့ မျှော်ကြည့်သည်။ အကာအကွယ် ကင်းသည့် ကွင်းပြင်ကြီး ဖြစ်သည်။ လှုပ်ရှားသွားလာနေသူ တစ်ယောက်မျှ မရှိ။

အနီးကပ်ဆုံး ပုန်းအောင်းစရာ နေရာဟူ၍ ကောက်ရိုးပုံကြီးတစ်ပုံသာ ရှိသည်။

သို့ဖြစ်သဖြင့် အနီးရှိတဲသို့ လေက်တို သွားသည်။ တဲတွင် ချိတ်ထားသော သစ်သားခမောက်ကို တဒေါင်ဒေါင်မြည်အောင် လှုပ်လျက် ကောက်ရိုးပုံနားသို့သွားသည်။

ကောက်ရိုးပုံထဲက ညိုမှာ ကျွဲအစစ် လာနေသည် ထင်မှတ်သဖြင့် ကျွဲနင်းခံရမည် စိုးရိမ်သည်။ သူ့ထံသို့ ကျွဲ ရောက်မလာစေရန် "ဟဲ့... ကျွဲ၊ ဟဲ့... ကျွဲ" ဟု ကြောက်လန့်တကြား အော်သည်။

"မောင်ညို ထွက်ခဲ့ဟေ့ ထွက်ခဲ့၊ မင်းလောက်တော့ကွာ"

ငွေအိတ်ကြီး ထမ်းလျက် ညိုသည် စပ်ဖြဲဖြဲမျက်နှာဖြင့် ထွက်လာ၏။ "ငါ ကျီစားတာပါကွယ်၊ စိတ်မဆိုးပါနဲ့" ဟု ရယ်မောပြောဆိုသည်။

*

mgyoe.com

mgyoe.com


## သူ့ကို ငါကောက် ငါ့ သူကောက်

အကောက်ကြံတတ်မှန်း သိပါလျက်နှင့် ညို့ထံမှ ငွေအိတ်ကို လေက်တို မယူပါ။ ညို ထမ်းမြဲထမ်းလျက် ခရီးဆက်ခဲ့ကြသည်။ ရှေ့တွင် ရွာတစ်ရွာကို လှမ်းမြင်ရချိန်၌ လေက်တို ဗိုက်နာလာသည်။

"ညိုရေ... ဟောသည် ရေအိုးစင်နားမှာ ခဏနေဦးကွာ၊ ငါ တောထိုင်ချင်လို့၊ ထွက်လည်း မပြေးနဲ့"

"စိတ်ချ... စိတ်ချ၊ ငါ မပြေးပါဘူး"

လေက်တိုသည် အနီးဆုံး ချုံထဲသို့ ပြေးဝင်သည်။

ညိုလည်း ငွေအိတ်ကိုထမ်းလျက် ရွာအရောက် ပြေးသည်။

ရွာထဲသို့ရောက်လျှင် အိမ်တစ်အိမ်ပေါ်သို့ တက်ပြေးသည်။ အိမ်ရှင်မှာ သူခိုးလော၊ သူတောင်းစားလောဟု အကဲခတ်နေသည်။

"ကျွန်တော့်မှာ ငွေတွေ ပါပါတယ်၊ ကျွန်တော့်ကိုယ်ကို ပုဆိုးသစ်လွှားပြီး ခြေရင်းမှာ ထိုင်ငိုပေးပါ၊ ငွေပေးပါ့မယ်"

ညိုသည် ပြောပြောဆိုဆို လုံအိပ်ကာ ငွေအိတ်ကို ခေါင်းအုံးလျက် ပက်လက်ကြီး လူသေကောင် လုပ်နေလေ၏။

တပိုတပါးသွားရာမှ လေက်တို ထွက်လာပြီ။ ရေအိုးစင်ဆေးတွင် ညို မရှိ။ သို့ကြောင့် တောင်မြောက်လေးပါးကို လေက်တို ကြည့်သည်။ သွားလာလှုပ်ရှားနေသော လူသူအရိပ်အယောင် မမြင်ရ။

... ကေနတ္တ ဒီကောင် ရွာထဲ ဝင်ပြေးတာပဲ ဖြစ်ရမယ်။

ရွာသို့ လေက်တို အပြေးလာသည်။ "အိတ်တစ်လုံး ထမ်းထားသော လူတစ်ယောက် ဖြတ်သွားသည်ကို မြင်မိပါသလော" စုံစမ်းသည်။ မြင်လိုက်မိသူမရှိ။

သို့ကြောင့် ရွာထိပ်သို့ လေက်တို ပြန်လာရာ ငိုသံကြားရသည်။

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



ငလက်တိုသည် အိမ်လှေကားရင်းသို့လာပြီး ခြေဖျားထောက်ကာ ကဲကြည့်သည်။ "မသာရဲ့ ပုံပန်းကတော့ ငညိုနှင့် တစ်ထေရာတည်းပဲ" ဟု ထင်သဖြင့် အိမ်ပေါ်သို့တက်လာသည်။

အိမ်ရှင်မှာ ငလက်တိုနှင့် ငညိုတို့၏ အရှုပ်အရှင်းကို မသိပေ။ ငွေပေးမည်ဆိုသောကြောင့် ငိုရခြင်းဖြစ်သော်လည်း ကိုယ့် လင်မဟုတ်ဘဲ လင်အဖြစ်မှူ မငိုနိုင်ပေ။ သို့ကြောင့် မသာနှင့်တူရုံသာ ငိုသည်။

"အမယ်လေး... ဧည့်သည်ကြီးရဲ့လေး၊ အဖြစ်ဆိုးလှချည်ရဲ့လေး၊ သနားစရာ ကောင်းလှချည်ရဲ့လေး"

ငလက်တိုသည် အသုဘ၏ခေါင်းရင်းတွင် တင်ပျဉ်ခွေထိုင်သည်။

အိတ်ထဲမှ အပ်တစ်ချောင်းထုတ်ပြီး မန်းမှုတ်ဟန်ပြု၏။ ထို့နောက် ငိုနေသော မိန်းမအနားသို့ ရွေ့လာသည်။

"ဟောဒါ သိကြားမန္တန်အပ် ခေါ်တယ်၊ သေသူကို ရှင်အောင် စွမ်းဆောင်နိုင်တယ်။ ဟော... ကြည့်"

ပြောပြောဆိုဆို မသာ၏ ခြေထောက်ကို စွပ်ခနဲ၊ စွပ်ခနဲ အပ်ဖြင့် ထိုးလိုက်ရာ "အမယ်လေး... သေပါပြီဗျ" အော်လျက် မသာကြီး ငုတ်တုတ် ထထိုင်လေ၏။

"တွေ့တယ် မဟုတ်လား၊ သေသူကို ရှင်အောင် ကုတဲ့အပ်"

"စိတ်မဆိုးပါနဲ့ သူငယ်ချင်းရာ၊ ပျော်လို့ ကျီစားတာပါ"

ငညိုသည် ငွေအိတ်ကို ဆွဲယူလျက် ထရပ်သည်။

"ငိုရင် ငွေပေးမယ် ဆို၊ ဘယ်မတုံး ငွေ"

ဟန်ဆောင်ပြီး ငိုချင်းသည် လုပ်ရသော မိန်းမက ငညို၏ ပုဆိုးစကို ဆွဲထားလေ၏။

"နောက်မှ... နောက်မှ၊ နောက် ကြုံတော့မှ ယူနော်၊ အခု"

mgyoe.com

mgyoe.com



ညိုသည် ဆောင့်ရှန်းလျက် လျင်မြန်စွာ ပြေးဆင်းခဲ့လေ၏။ လေကတိုလည်း သူ့နောက်မှ အပြေးလိုက်လာခဲ့ပေ၏။ သူတို့သည် ယာများ၊ ဖုန်းဆိုးမြေများကို ဖြတ်သန်းလာခဲ့ရာ နေဝင်ကာနီးချိန်၌ ရွာတစ်ရွာသို့ ရောက်လာကြပေ၏။

"ဟောဒီ ဇရပ်မှာ နားရင်း ခဏ နေခဲ့ဦးကွာ၊ စားစရာ ရလိုရငြား ငါ ဝင်ပြီး ရှာချေဦးမယ်"

ညိုက ငွေအိတ်ကို လေကတိုထံ အပ်နှံပစ်ခဲ့ပြီး ရွာထဲသို့ ဝင်သွားလေ၏။ အတန်ကြာလျှင် စားစရာအချို့ယူဆောင်လျက် ညို ပြန်ရောက်လာ၏။

နှစ်ယောက်သား ဆာဆာနှင့် ခေါင်းချင်းဆိုင်ပြီး စားနေကြစဉ် ညိုက စကားစတင်၏။

"မင်းနဲ့ ငါလည်း သည်ငွေတွေ မခွဲဝေရမချင်း တငင်ငင် ဖြစ်နေဦးမှာကွာ၊ ဒီတော့ မင်းလည်း လွတ်လွတ်လပ်လပ် သွားနိုင်အောင် ငါလည်း သွားချင်ရာ သွားနိုင်အောင် သည်ငွေတွေ မြန်မြန်ခွဲမှဖြစ်မယ်"

"ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်။ အခုပဲ ခွဲကြစို့။ ငါက နှစ်စု၊ မင်းက တစ်စုပေါ့"

"ဘယ်ရမတုံးကွ၊ ငါက နှစ်စု၊ မင်းက တစ်စု၊ အိုကွာ... ဟိုဘက်နားက ညောင်ပင်မှာသွားပြီး ညောင်စောင့်နတ်ကို သွားမေးတာပဲ ကောင်းပါတယ်။ ဘယ့်နှယ်တုံး၊ သဘောတူရဲ့လား"

"အကောင်းဆုံးပေါ့ကွာ"

"ညောင်စောင့်နတ်ဆီမှာ အဖြစ်အပျက်တွေ လျှောက်ထားမယ်။ သူ ဆုံးဖြတ်ရာ နာခံကြမယ်၊ မကောင်းဘူးလား"

"ကောင်းတာပေါ့ကွာ၊ ကဲ... သွားကြစို့"

သူတို့သည် ရေအိုးစင်တွင် ရေသောက်ကြသည်။

mgyoe.com

mgyoe.com


ပြီးလျှင် ရွာတောင်ဘက်ရှိ နတ်ရဲ ညောင်ပင်ကြီးရှိရာသို့ လာခဲ့ကြ၏ ။

ညောင်ပင်ကြီးမှာ အရိပ်အာဝါသလည်း ကောင်းသည်။ နေလည်း ဝင်စပြုပြီဖြစ်၍ မှောင်ရိပ်သမ်းနေသည်။ လေကတ်တိုနှင့် ညီဖြုသည် ညောင်ပင်ခြေရင်းတွင် ငွေအိတ်ကို ချသည်။ ညီဖြုက အော်ပြီး တိုင်တည်သည်။

"အို... တန်ခိုးကြီးလှပေသော အရှင်ညောင်စောင့်နတ်မင်း၊ အရှင်ကြီးသည် ကျွန်တော်တို့နှစ်ယောက်အား တရားစီရင်တော်မူပါ။ တစ်ယောက်သောသူက သျှောင်တစ်လုံး အဆုံးခံ၍ သူဌေးထံ လိမ်လည်ပြီးလျှင် ငွေတစ်တင်း တောင်းရပါသည်။ တစ်ယောက်သော သူက ကပွဲယလုပ်၍ သက်သေခံရပါသည်။ ထိုသူနှစ်ယောက်တွင် မည်သူကပို၍ ရထိုက်သည်။ မည်သူက လျှော့၍ ယူထိုက်သည်ကို အရှင်ကြီး စီရင်တော်မူပါ"

လေကတ်တိုသည် ညောင်ပင်ကို မော့ကြည့်နေရာ တဖြည်းဖြည်းကျင့်သားရလာကာ ခွဆုံ၏ အောက်နားတွင် ပင်စည်၏ အပေါက်ကို မြင်ရသည်။ ထိုအခေါင်းပေါက်မှ အောက်သို့လျှောပြီး ကြည့်သောအခါ မြေကြီးနှင့် တစ်တောင်မျှအကွာတွင် ကြီးမားသော အခေါင်းကြီး ဖြစ်နေသည်ကို မြင်ရပြန်သည်။

မြေကြီးနားမှ စတင်၍ ခွဆုံတွင်ဆုံးသော ညောင်ခေါင်းသည် မူလက "အူလျောက်ကွဲကြောင်း" ကလေးမျှသာ ရှိပေလိမ့်မည်။ ထိုနေရာတွင် ပျားကောင်များ စွဲဝင်အုံလုပ်ရာ လူက မီးမြှိုက်လိမ့်မည်။ ဤနည်းဖြင့် အူကြောင်းကို မီးစားသည်။ အူကြောင်းကျယ်လာသည်။ နောက်ထပ် မကြာခဏ မီးမြှိုက်ခံရသောအခါ အခေါင်းကြီးဖြစ်လာပြီ။ အခေါင်းကြီးဖြစ်လာသောအခါ ပျားသန်အုံများ၊ ပဆုပ်ပနီအုံ၊ ပျားအုံများ ရောက်လာ

mgyoe.com

mgyoe.com



တော့သည်။ လူက မီးမြှိုက်သည်။ ပို၍ ပို၍ကျယ်သော သစ်ခေါင်းကြီး ဖြစ်လာတော့သည်။

ညောင်ခေါင်းကို ခေါင်းငုံ့ချည် မော့ချည်ဖြင့် လေက်တို ကြည့်နေစဉ် ခွဆုံအပေါက်မှ ရက္ခစိုး၏အသံ ပေါ်လာချေ၏။

"အေး... အေး... မောင်မင်းတို့ နှစ်ယောက် ငြင်းခုံကြသော အရာကို ငါ ညောင်စောင့်နတ် စီရင်မည်။ ငါ၏အစီအရင်ကို နားထောင်ကြမည်လော"

"နားထောင်ပါမယ် အရှင်ကြီး၊ အရှင်ကြီး စီရင်သမျှ မငြင်းပယ်ပါ"

ညီဂြုက လေက်တိုကို တံတောင်ဖြင့် တွတ်ရင်း ကျယ်လောင်စွာ တုံ့ပြန်ဖြေကြားသည်။ လေက်တိုကား မတုံ့ပြန်။

"ငှင်းပစ္စည်းများသည် တစ်ဦးက သျှောင်တစ်လုံး အဆုံးခံသဖြင့် ရသောကြောင့် ဝေစုခွဲရာတွင် ပို၍ လိုချင်သည်။ ထို့အတူပင် တစ်ဦးကလည်း ပထမလူ၏စကားကို သူဌေးက မယုံကြည်၍ ပရိယာယ်နှင့် ဝင်ရောက်သက်သေခံမှ ရခဲ့သည့်ငွေဖြစ်သောကြောင့် ဝေစုကို ပို၍ လိုချင်သည်။ ဤကဲ့သို့ တရားလို တရားခံတို့၏နှစ်ဖက်စကားကို ငါ ညောင်စောင့်နတ် ကြားရပြီ"

လေက်တိုသည် ညောင်စောင့်နတ်၏အသံသြကြီးကို ပါးစပ်အဟောင်းသားဖြင့် နားထောင်နေ၏။

ညီဂြုက ခွကြားသို့ မေးထိုးပြ၏။ နတ်က ဆက်ပြော၏။

"ငါ ညောင်စောင့်နတ်သည် ဓမ္မသတ် အစောင်စောင်တို့ဖြင့် ညှိနှိုင်းချိန်ဆ၍ တရားသက်ထိုက်ရာ ရွေးချယ်ကောက်နုတ်လိုက်သည့်အခါ သျှောင်တစ်လုံး အဆုံးခံသူ၏စကား မအောင်မြင်သောကြောင့် ဒုတိယလူ ဝင်ရောက် သက်သေခံမှ ရခြင်းသည် ကျိုးပဲ့ပျက်စီးသွားသော ပစ္စည်းကို အကောင်းပြန်ဖြစ်အောင် ပြုဘိသကဲ့သို့လည်းကောင်း၊ ရေနစ်

mgyoe.com

mgyoe..com



ရာမှ ဆယ်ယူကယ်တင်ဘိသကဲ့သို့လည်းကောင်း ဖြစ်ပေသောကြောင့် ဒုတိယလူ၏ကျေးဇူး ထင်ရှားဖြစ်ပေသည်။ သို့ဖြစ်သောကြောင့် ဒုတိယလူသာ ပိုင်ထိုက်၏။ သို့ရာတွင် ကောင်းတူဆိုးဖက် တစ်လှေတည်းစီး၊ တစ်ရိုးတည်းသွားဖြစ်ကြသောကြောင့် ဒုတိယလူက ပထမလူသို့ သုံးဖို့တစ်ဖို့ ခွဲဝေပေးစေ။ ငါ ညောင်စောင့်နတ် စီရင်ဆုံးဖြတ်သည့်အတိုင်း ပထမလူအပေါ်၌ တစ်ဖို့ပေးရမည်လောဟု ဒုတိယလူက မကျေနပ်စိတ်ဖြင့် ငြင်းပယ်လျှင် ငါညောင်စောင့်နတ်အား ဘယ်တော့မှခေါ်လား၊ ပြောလား၊ သွားလာ၊ ဝင်ထွက် အရောတဝင် မလုပ်ရ။ ရွှေကြက်ယက်ဘုရားစူးရစေရဲ့။ တစ်ခါတည်း တစ်သက်လုံး သေခန်းအပြတ်ပဲ"

"ကဲ... ကြားပြီ မဟုတ်လား သူငယ်ချင်း"

ညီကြ ငလက်တိုအား ရွှင်ပျစွာ မေး၏။

"ငါ မယုံဘူးကွ၊ ဒီညောင်စောင့်နတ်က အင်မတန် စကားများတယ်။ ဟောဒီအောက်ခြေက ဝင်ပြီး အပေါ်တက်နေတဲ့လူပဲ ဖြစ်ရမယ်"

ပြောပြောဆိုဆို ကောက်ရိုးပုံမှ ကောက်ရိုးတစ်ပွေ့ယူလာပြီး ငလက်တိုသည် ညောင်ခေါင်းထဲသို့ ထိုးသိပ်လေ၏။

"နတ်အစစ် ဟုတ်၊ မဟုတ် သိရအောင် မီးနဲ့ရှို့ကြည့်ရအောင်" ဟု ဆိုသည်။ ခါးပုံထဲမှ မီးခတ်ကိုလည်း ထုတ်သည်။

"နတ် ကိုင်လိမ့်မယ်၊ မလုပ်ပါနဲ့ဟာ"

"ကိုင်ပစေကွာ၊ ရှို့ကြည့်မယ်။ နတ်ဆိုရင် တန်ခိုးနှင့် ပြေးလိမ့်မယ်"

ငလက်တိုသည် မီးခတ်ကို ခတ်လေပြီ။

"ဟော့... ဟော့၊ ငါညောင်စောင့်နတ် အပြောမှားသွားလို့ပါကွာ၊ ချမ်းသာပေးပါ၊ မီးနှင့်တော့ မရှို့ပါနဲ့။ အခု ရလာတဲ့ငွေတွေဟာ ကပ္ပိယနှင့် ဘာမျှမဆိုင်၊ မောင်လက်တိုနဲ့သာ လုံးလုံးဆိုင်တယ်"

mgyoe.com

mgyoe.com



ညောင်ခေါင်းထဲမှ နတ်၏စီရင်ချက်သည် တုန်ယင်မောပန်း ထိတ်လန့်သံများဖြင့် ပြောင်းလဲသွားပြီ။

"ရှုပ်ချည် နှပ်ချည်နဲ့၊ ဒါ နတ် မဟုတ်ဘူး၊ လူရှုပ်ဖြစ်ရမယ်"

မီးခတ်မှို့တွင် မီးစွဲပြီ။ ဒီမှို့ကို ကောက်ရိုးထဲသို့ မထည့်နိုင်အောင် ညိုကြ အတင်းဆွဲသည်။ လေက်တိုက အတင်းရုန်းသည်။ နှစ်ယောက် လုံး ခါးဝတ် မရှိတော့ပါ။

သို့ရာတွင် လေင်တိုသည် ညိုဆွဲထားသည့်ကြားမှ မှို့ကို ကောက်ရိုးထဲသို့ ပစ်ထည့်လေ၏။

"လာကြပါဦးဗျို့၊ ကျွန်တော့် အဖေကို မီးရှို့သတ်နေပါတယ်။ အရပ်တို့ ကြည့်မနေပါနှင့်"

ညိုသည် ကုန်း၍လည်း အော်၏။ ငိုလည်း ငို၏။ ကောက်ရိုး တွေကိုလည်း ဆွဲထုတ်၏။

လေက်တိုမှာ အံ့ဩသွားကာ "ညောင်စောင့်နတ်က ဘယ်လိုလုပ် ပြီး မင်းအဖေဖြစ်ရတာတုံး" ဟု မေး၏။

"ဒီရွာက ငါ့ရွာ၊ စောစောတုန်းက ရွာထဲကို စားစရာ သွားရှာရင်းနဲ့ အဖေ၊ ငွေတစ်ရာ ကန်တော့ပါမယ်။ ရက္ခစိုးယောင် ဆောင်ပေးပါ ပြော လို့ ညောင်ခေါင်းထဲလာပြီး ဝင်နေတဲ့ ငါ့အဖေအစစ်ပါကွာ"

"ငါ့သူငယ်ချင်းရဲ့ အဖေအစစ်ဆိုရင် မသေကောင်းပါဘူးကွာ"

လေက်တိုသည် တောက်စမီးကို တက်နင်းပြီး ကောက်ရိုးတွေကို ဆွဲထုတ်၏။

ညို၏အဖေမှာ ရှက်လည်း ရှက်၊ စိတ်လည်း ဆိုးသဖြင့် ညိုအား ဆဲဆို မာန်မဲပြီး ရွာထဲသို့ဝင်သွားရင်းက "ကံကောင်းလို့ မီးလောင် မသေ တယ်၊ လူယုတ် လူရှုပ်နှင့် ပေါင်းမိလို့ သေတော့မလို့" ဟု ပြောသွားသေး၏။

*

mgyoe.com

mgyoe.com


## ကောက်မပြီး ကွေ့မဆုံးပေါင်

လေကက်တိုနှင့် ညီပြုသည် ငွေအိတ်ကို တစ်ယောက်တစ်လှည့် ထမ်းကာ ရွာနှင့်ဝေးရာသို့ လာခဲ့ကြသည်။ တောထဲရှိ သစ်ပင်ကြီး တစ်ပင်ပေါ်တွင် တက်ရောက်အိပ်ကြသည်။

နံနက်လင်းသောအခါ လေကက်တိုက စကားစ၏။

"မောင်ညီပြုရေ... သည်ငွေဟာ လက်စသတ်ဖို့ ကောင်းနေပြီကွာ၊ ဘယ်လိုလုပ်ကြရင် ကောင်းမတုံး"

"ငါတို့နဲ့ ကျောင်းနေဖက်၊ ငါတို့ သူငယ်ချင်းစကားတောင်စား ဟာ ပုဂံမြို့မှာ မင်းဖြစ်နေတယ် ကြားသကွ"

ညီပြု၏အပြောကြောင့် လေကက်တို ဝမ်းသာအားရဖြစ်သည်။

"ဟေ... ငါတို့သူငယ်ချင်း ကောင်းစားနေပြီ ဟုတ်လား"

"ဟုတ်သကွ၊ ငါတို့ သူ့ဆီသွားပြီး အဆုံးအဖြတ်ခံရင် မကောင်း ဘူးလား"

သို့ဖြင့် သူတို့သည် ပုဂံမြို့ဘက်သို့ ဦးတည်ကာ တစ်ရွာဝင် တစ်ရွာထွက်၊ တစ်တောင်ဆင်းတက် တစ်တောထွက်လျက် ညအလီလီ နေ့အတန်တန်ကို ဖြတ်သန်းလာခဲ့ကြလေ၏။ ရွှေရောင် တဝင်းဝင်း ဆည်းလည်းသံ တညံညံနှင့် ပုဂံရွှေမြေအစပ်သို့ရောက်လျှင် လေကက်တို နှင့် ညီပြုသည် ချောင်းတစ်ချောင်း၌ ရပ်နားကြလေ၏။

ချောင်းရေစပ်ရှိ ညောင်ပင်ကြီးမှာ နားခိုချင်ဖွယ်ကောင်း၏။ သောင်ပြင်ဖွေးဖွေးနှင့် ချောင်းရေနှင့် သစ်ရိပ်အေးတွင် ရေချိုးသူများ၊ နားခိုသူများဖြင့် စည်ကား၏။

သူတို့သည် ညောင်ပင်ရိပ်တွင် ထမင်းစားသည်။ ချောင်းထဲတွင် ရေချိုးသည်။

ထို့နောက် ထမင်းလုံးစီရန် နားနေ လဲလျောင်းကြသည်။

mgyoe.com

mgyoe.com



လေက်တိုမှာ လှဲမိပြီး မကြာမီ အိပ်ပျော်သွားသည်။

အကြဲသမား ညီကြား မအိပ်။ လူသုံးယောက်ထံပြေးသွားပြီး “အကျွန့်အား ကူညီကြပါ။ အကြဲအောင်လျှင် ငွေပေးပါမည်” ပြော သည်။ ထိုသူများက ခေါင်းညိတ်ကာ သဘောတူကြသည်။

ခဏကြာသောအခါ ညီကြားသည် လေက်တိုအား လှုပ်နိုးသည်။ “သူငယ်ချင်းရေ... ကိုယ်ကျိုးတော့ နည်းပြီဟေ့” ဟူ၍လည်း တစ်ပါ တည်း ပြောသည်။ လေက်တို ထထိုင်ကာ “ဘာဖြစ်တာတုံး” မေးသည်။

“ငါလည်း မှေးမှေး မှေးမှေးနှင့် ဖြစ်သွားတုန်းမှာ ဟဲ့... ဟိုခွေး ဟာဆိုတဲ့ အသံကြားလို့ မျက်လုံးဖွင့်ကြည့်တယ်။ လားလား ရောမ ခွေးကြီးကွာ၊ မင်းနဲ့ ငါ့ကြားက ငွေအိတ်ကို တရွတ်တရွတ်နှင့် ချီပြေးနေ တာ တွေ့ရသဗျား။ ငါလည်း လူးလဲထပြီး အော်လည်း အော်၊ ခဲနဲ့လည်း ပစ်၊ ပြေးပြီးလည်း လိုက်တာ မရဘူး မောင်ရေ့၊ ပါသွားရော”

“မင်း... လိမ်တာများနေပြီ ညီ၊ အခုလည်း ဟုတ်မှ လိမ်ပါ ကွာ”

“အရေးထဲမှာ မင်းက ငါ့များ ပြန်ပြီး မသင်္ကာဖြစ်နေသေး၊ မယုံ ရင် ဟောဟို... လူသုံးယောက် သက်သေရှိပါသ မောင်၊ ခေါ်ပြီးသာ မေးကြည့်ပါရော့”

ငွေစားသက်သေများသည် မခေါ်ခင်က လာချင်ချင် ဖြစ်နေ ကြ၏။ လေက်တို တစ်ခွန်းခေါ်ရုံဖြင့် ပြေးလာကြသည်။

“ဟုတ်သဗျာ၊ နည်းတဲ့ခွေးကြီး မဟုတ်ဘူး။ ငွေအိတ်ကို ချီသွား တာ” ဟု သက်သေခံကြသည်။

ထိုသုံးယောက် လူစုကွဲသွားလျှင် လေက်တိုသည် ဘုန်းကြီး လူထွက်ပုံ ဟန်ပေါက်နေသော ပထမ သက်သေထံ မယောင်မလည် ချဉ်းကပ်သွားသည်။

mgyoe.com

mgyoe.com


"ငွေထုပ်ချီသွားတဲ့ ခွေးက ဘာရောင်တုံးဗျ"

"အနက်ကြီးဗျာ၊ အော်လို့မရ၊ ဝေါက်လို့မရ"

"အနက်ကိုး၊ အင်း... အင်း... ဘယ်ဘက်ကို ပြေးသတုံး"

"တောင်ဘက်ကို ပြေးတာ တန်းနေတာပဲ"

ထို့နောက် ငလက်တိုသည် ဟိုလိုလို သည်လိုလိုလုပ်နေပြီးမှ ခေါင်းပေါင်းဖြူနှင့် ဒုတိယ သက်သေအနားကပ်သည်။

"ဒါထက် ငွေထုပ်ချီသွားတဲ့ ခွေးက ဘာရောင်တုံးဗျ"

"ခွေးလား၊ အဖြူရောင်ကြီးပေါ့ဗျာ"

"ဩော်... အဖြူကိုး၊ နို့... ဘယ်အရပ်ကို ပြေးသွားပါလိမ့်"

"မြောက်ဘက်ကို ပြေးလေရဲ့ဗျာ၊ ပြေးသမှ မှုန်နေတာပဲ"

"ခွေး အဖြူရောင်၊ မြောက်ဘက်ကို ပြေးတာ သေချာတယ်နော်"

"သေချာပါတယ်၊ ဟုတ်ပါတယ်ဗျာ၊ မိုးကြိုးအကြိမ်ကြိမ် ပစ်ရစေရဲ့"

ငလက်တိုသည် ခေါင်းတညိတ်ညိတ်ဖြင့် ခွာဖယ်လာသည်။ တတိယသက်သေ ဆေးပေါ့လိပ်ကြီး ထောင်းထောင်းထအောင် ဖွာနေရာသို့ အမှတ်မဲ့ရောက်သွား၏။

"စကားမစပ် နောင်ကြီးရယ်၊ ကျွန်တော်တို့ ငွေထုပ်ကို ချီသွားတဲ့ ခွေးက ဘာရောင်များပါလိမ့်"

"ခွေးကျားဗျ၊ အနက်နှင့် အဖြူကျား၊ ထိပ်ကွက်ဗျ"

"တယ်ဆိုးတဲ့ ခွေးကျားပါကလား၊ ဘယ်ဘက်များ ပြေးသတုံးဟင်"

"အနောက်ဘက်ဗျာ၊ ဟောဟို နဘဲပင်ကလေးနားအထိ ကျုပ်တို့လိုက်သေးတယ်။ မျက်ခြည်ပြတ်သွားလို့"

"ခွေးကျား အနောက်ဘက်၊ အနောက်ဘက် ခွေးကျား"

mgyoe.com

mgyoe.com



ထိုသို့ မြည်တမ်းလျက် လေက်တိုသည် ညီဖု၏ဘေးသို့ သွားရောက်ထိုင်သည့်တွင် ညီဖုက တရားချ၏။

"ငါတို့နဲ့ မထိုက်လို့ မစားရတာပဲလို့ တရားနှင့် ဖြေပါကွာ၊ ငါ့အထင်ပြောရရင်တော့ ဦးပြောင်ဟာ သူ့ပစ္စည်းတွေ စွဲလမ်းပြီး ဥစ္စာစောင့်ဖြစ်နေရာက ခွေးယောင်ဆောင်ပြီး ချီသွားတာ ဖြစ်ရမယ်"

"အဲဒီခွေးက ဘာရောင်တုံး သူငယ်ချင်း"

"ခွေးနီကြီးပါကွာ၊ အမြီးတိုကြီးဟ"

"သြော်... သြော်... ပြေးတော့ကော ဘက်ဘက်များ ပြေးသတုံး"

"အရှေ့စူးစူးကို ပြေးလိုက်သမှ တစ်ချက်ကလေး မကွေ့ဘူး"

ထိုအခါ လေက်တိုသည် ညီဖု၏ ပခုံးကိုပုတ်ရင်း "ဟုတ်မှလည်း လိမ်ပါလို့၊ အစကတည်းက ငါ ပြောခဲ့သားပဲ" ဟု အပေါ်စီး မျက်လုံးဖြင့် ကြည့်လျက် သရော်သံဖြင့် ပြော၏။ ညီဖုသည် ဒေါသထွက်ဟန်ပြ၏။

"မြွေပွေး အကောင်တစ်ရာ ကိုက်ရစေရဲ့၊ မိုးကြိုး"

လေက်တိုက ညီဖု၏ပါးစပ်ကို လှမ်းပိတ်၏။

"မင်းဟာ အရင်ရက်တွေတုန်းကလည်း ကောက်ရိုးပုံထဲ ပုန်းလို ပုန်း၊ မသာယောင်ဆောင်လိုဆောင်၊ ရက္ခစိုးလိမ်နှင့် ပေါင်းလိုပေါင်း အမျိုးမျိုး လိမ်ခဲ့ပြီ၊ အခုလည်း"

"ဒီတစ်ခါတော့ ယုံပါကွာ၊ မလိမ်ပါဘူးကွာ၊ အဟုတ်ပါ"

လေက်တိုသည် ညီဖု၏ပခုံးကိုပုတ်ပြီး အားရပါးရ ရယ်မောေ၏။

"ခိုးချင်တာလည်း ပျာလို့၊ လက်နှေးလိုက်တာလည်း ချာလို့ဆိုတာ မင်းပဲ ညီဖု၊ မင်းပြတဲ့ သက်သေသုံးယောက်ကို ငါ သွားမေးတယ်၊ ခွေးရဲ့အရောင်လေ၊ အဖြူလို့ ပြောတဲ့လူက ပြော၊ အနက်လို့ဆိုတဲ့လူက ဆို၊ ခွေးကျားလို့ သက်သေခံတဲ့လူက ခံနဲ့၊ ဟော... မင်းက အနီတဲ့"

"ဒါကတော့ကွာ၊ ဘယ်သူက သေသေချာချာ"

mgyoe.com

mgyoe.com



"ဘယ်ဘက် ပြေးသတုံး မေးပြန်တော့လည်း အရပ်လေး မျက်နှာ ကွဲပြားတယ် ညို၊ ဒီတော့ မင်းဟာ ငွေထုပ်ကို သဲထဲမှာ ဝှက်ထားတာ ဖြစ်မယ်။ အခုက ထုတ်ပေးရင် ပေး၊ ငါ့ဘာသာ ငါတူးဆွရှာဖွေလို့ တွေ့ရင် မင်းနဲ့ မဆိုင်ဘူးနော်"

လက်တိုသည် ထမည့်ဟန်ပြုရင်း ညိုကို စိုက်ကြည့်၏။

ညိုသည် မျက်လုံးချင်း မဆိုင်ရဲ၊ လွှဲဖယ်နေရာက တွေနေ သည်။ ထို့နောက် လက်တိုအား လှမ်းဖက်ပြီး ရယ်မောသည်။

"သူငယ်ချင်းချင်းတွေပဲကွာ၊ ငါတကယ် မလုပ်ပါဘူး။ မင်း ဘယ်လောက် ဉာဏ်သွားသတုံး သိချင်လို့ စမ်းတာပါ"

တဟဲဟဲ ရယ်မောလျက် ညိုသည် သဲပြင်ထဲမှ ငွေထုပ်ကို ဖော်ထုတ်ပေးလေ၏။ ထိုအခါ ငွေအိတ်ကို လက်တိုတစ်လှည့် ထမ်းရ ပြန်၏။

ပုဂံမြို့သို့ ဦးတည်လာကြရာ ဝက်ကြီးအင်းအရောက်တွင် နေပူ သောကြောင့် တစ်ထောက်နားကြလေ၏။ နားမိလျှင် ညိုသည် အလွန် ပင်ပန်းဟန်ဖြင့် ဇရပ်ခါးပန်းကို ခေါင်းအုံးလျက် အိပ်၏။ ချက်ချင်း အိပ်ပျော်၏။

လက်တိုလည်း ညို အမှန် အိပ်၊ မအိပ် သိလိုသဖြင့် ဆားတွင် ဝင်လှဲ၏။ မျက်စိမှေးလျက် ကြည့်နေ၏။

ခဏကြာလျှင် ညို အသာထသည်။ "ဟော့ကောင်... ထ... ထ၊ အိပ်မနေနဲ့" ဟု နှိုးသည်။ နှိုးခါမှ လက်တိုက ဟောက်နေသေးသည်။

ညိုသည် ငွေအိတ်ကို အသာဆွဲပြီး အင်းရေစပ်သို့ ဆင်းသွား သည်။ လက်တို မျက်လုံးမှေးလျက် ကြည့်နေသည်ကို ညို မသိ။ အိတ်ထဲက ငွေတွေကို တစ်နေရာတွင် သွန်ပစ်ပြီး အမှိုက်အထပ်ထပ် ဖုံးသည်။

mgyoe.com

mgyoe.com



ရေစပ်ရှိ ကျောက်ခဲတွေ အိုးခြမ်းကွဲတွေကို ငွေအိတ်ထဲ ထည့်ယူလာပြီး လေက်တို၏ဘေးတွင် ဝင်အိပ်သည်။

ခဏကြာလျှင် လေက်တို ထပြီး ညီဂိုကို နှိုးသည်။

"မှောင်မှရောက်ရင် ဟိုမေး၊ ဒီမေးနဲ့ ခက်နေမယ်ကွယ်၊ သွားကြစို့"

"အိပ်ရေးများ ဝပဲ မဝဘူးကွာ"

ညီဂိုသည် သမ်းပြ၏။ တွန့်လိမ်ပြ၏။ ထို့နောက် ငွေအိတ်ကို ထမ်းလျက် ရှေ့ကသွားသည်။ အင်းဖြတ်တံတား၏အလယ် ရေအနက်ဆုံး နေရာအရောက်တွင် ခလုတ်တိုက်လဲရာ ငွေအိတ်ကြီး ဝုန်းခနဲ ရေထဲသို့ ကျသွားလေ၏။ ဒူး တံတောင်လည်း ပွန်းပဲ့၊ ငွေအိတ်လည်း ဆုံးသဖြင့် ညီဂို ဟည်းချင်ငိုတော့၏။

"တစ်ခါဖြင့် ကိုယ်ကျိုးနည်းပါပေါ့လား သူငယ်ချင်းရဲ့၊ အဝက ပုဂံအရောက် ထမ်းလာပြီးမှ ဖြစ်ရလေခြင်းကွဲ့"

လေက်တိုမှာ ရယ်ချင်စိတ်က အတင်းဖိနှိပ်ထားရ၏။

"သူငယ်ချင်းရေ... ဥစ္စာဆိုတာမျိုးဟာ မမြဲတတ်သော သဘာဝတရားလို့ ဘုရားဟော ဒေသနာမှာ ပါသားပဲ။ မင်းရော ငါပါ မသုံးစွဲထိုက်လို့ ရေထဲကျတာ၊ ဘယ်သူမှဆင်းပြီး ဆယ်ဝံ့မှာ မဟုတ်ဘူး။ ဒါလောက်ကြီးတဲ့ အင်းကြီးဖြစ်ပါလျက်နဲ့ တံငါလှေတစ်စင်းမှ မရှိတာကို ကြည့်"

"အေးကွ၊ လှေရှိရင် တံငါတွေကို အငုပ်ခိုင်းရဦးမယ်၊ အခုလို ဖြစ်နေတာ ဘာပြုလို့တုံး သူငယ်ချင်း"

"ဘေးမဲ့ အင်းကွ သူငယ်ချင်းရဲ့၊ ဘေးမဲ့ အင်းထဲက ငါးတွေ၊ လိပ်တွေကို မသမာသူတွေ ဆင်းမဖမ်းရဲအောင် ကျွဲလောက်၊ နွားလောက် ရှိတဲ့ ငါးကြီးတွေ လွှတ်ထားသတဲ့"

mgyoe.com

mgyoe.com


"အမယ်လေး... အကျိုးနည်းပါပြီဗျ၊ ကိုယ့်ဘာသာ ကိုယ်လည်း ဆင်းမငုပ်ရဲ၊ အငုပ်ခိုင်းစရာလူလည်း မရှိ"

ညိုက ဟန်ကောင်းကောင်းဖြင့် ရင်ကို ထု၍ ငိုသောအခါ "မင်း ဆင်းငုပ်လေကွာ၊ ငါးစာဖြစ်သွားအောင်" ဟု မသိဟန်ဖြင့် ဆို၏။ ထိုအခါ ညိုသည် မျက်ရည်သုတ်လျက် ဆိုပြန်၏။

"ကံတရားအတိုင်းပေါ့ကွာ၊ လူမသေ ငွေမရှားပဲ။ သွားကြပါစို့"

"မင်း သွားနှင့်ပေတော့ ညို၊ မင်းကို မြင်နေရရင် ငါ့ စိတ်ကို ဖြေလို့ရမှာမဟုတ်ဘူး။ အဲဒါကြောင့် ဒီဇရပ်မှာ စိတ်ပြေလက်ပျောက် လေးငါးရက်တန်သည် နေခဲ့ဦးမယ်"

ညို မျက်နှာပျက်၏။

"ဗုဒ္ဓေါ၊ ဒီကောင် အိပ်ချင်ယောင်ဆောင်နေလို့ ငါ လုပ်တာတွေ များ မြင်ရော့သလား" ဟု ထိတ်လန့်စွာ တွေး၏။

တွေးရင်းက ငလက်တို့၏မျက်နှာကို အကဲခတ်ရင်း ဖျောင်းဖျ ၏ ။

"မင်းကို ငါ စိတ်မချဘူး ငလက်တို၊ တစ်ယောက်တည်း မနေခဲ့ ပါနဲ့ကွာ"

"ငွေတွေဟာ ကမ်းစပ် ဟိုနား သည်နားမှာ ရောက်ချင် ရောက်နေ မှာကွ။ ဒါကြောင့် ကမ်းစပ်တွေမှာ လျှောက်ရှာဦးမယ်"

ညိုမှာ အလွန်အမင်း ထိတ်လန့်၏။

... ဟုတ်ပါပြီ၊ ငါ လုပ်တာတွေကို သိလျက်နဲ့ မသိချင် ယောင် ဆောင်နေတဲ့ ငနာကောင်၊ ငါဝှက်ထားတာတွေ သင်းတွေ့သွားရင် သူ ကောက်ရတာဆိုပြီး အကုန်ယူမယ်။ ငါ့ကို တစ်ပြားတစ်ချပ်မှ ပေးမှာ မဟုတ်ဘူး။ အင်း... ဒုက္ခပါပဲ။

mgyoe.com

mgyoe.com



ညီပြုသည် အင်းထဲသို့ ဆင်းခဲ့ပြီး သူ ဝှက်ထားခဲ့သော ငွေတွေကို ပုဆိုးဖြင့် ထုပ်ကာ ပြန်တက်လာသည်။

ဝမ်းနည်းပူဆွေးဟန်မျက်နှာမှာ ယခုအခါမူ ရယ်ကျဲကျဲ ဖြစ်နေပြီ။

"မင်း အလွန်တော်ပါပေတယ်၊ ဒါလောက် တော်မှန်း မသိလို့ ကျီစားမိတာပါကွယ်၊ စိတ်မဆိုးပါနဲ့ မောင်တိုရယ်"

"မင်း လိမ်သမျှ ပေါ်တာချည်းပဲ မဟုတ်လား၊ တခြားသူကို လိမ်လို့ရမယ်။ ငါ့ကို လိမ်လို့ မရဘူး။ တန်တော့ မောင်၊ တန်တော့"

သူတို့သည် ပုဆိုးဖြင့် ထည့်ထားသော ငွေထုပ်ကို တစ်ယောက်တစ်လှည့် ထမ်း၍ ပုဂံမြို့တွင်းသို့ ဝင်ခဲ့ကြလေ၏။

*

## အလှီး အန္တာ ပါရဂူ

ကေတ်ဖဲ့သည် စကားတောင်စား အမတ်ကြီးအဖြစ် ကြီးပွားနေသော်လည်း သွေးမကြီးချေ။

"မဟုတ်က ဟုတ်က လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေပါက လား။ လာကြကွ... လာကြ၊ ထိုင်ဟော့၊ ကြိုက်သလို ထိုင်၊ ဟဲ့... လက်ပါး စေများ၊ လက်ဖက်၊ ကွမ်း၊ ဆေး၊ မုန့်ပဲသရေစာ ချကြလဟဲ့"

သူငယ်ချင်းက လှိုက်လှဲဖော်ရွေသဖြင့် ငလက်တို့နှင့် ညီ ပျော်သွား၏ ။

ရေသောက်သူ သောက်၊ ယပ်ခတ်သူ ခတ်။

စကားတောင်စားကား အပေါ်ချို အတွင်းခါးသော အတွင်းကောက်ဖြစ်သဖြင့် သူငယ်ချင်းတွေကို အကဲခတ်ရင်း စဉ်းစားသည်။

... သူငယ်ချင်းတော့ သူငယ်ချင်းပဲ၊ သို့ပေသည့် လူလိမ်က လူလိမ်ပဲ၊ ရောက်ရာအရပ်မှာ ကောက်ကျစ်စဉ်းလဲပြီး အသက်မွေးတဲ့

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


ကောင်တွေ၊ အခု လာရာမှာလည်း ဘာမဟုတ်တာလုပ်ဖို့ လာတယ် မသိဘူး။ ဟေ... ဘာပဲဖြစ်ဖြစ် သင်းတို့ရဲ့အကြောင်းတော့ မခံဘူး။ ငါကသာ ငတုံးပေါ် ထိပ်ကွက်မယ်။

စကားတောင်စားသည် စိတ်ကသာ မဖြူးဖြောင့်သော်လည်း နှုတ်ကမူ "သူငယ်ချင်းတို့၊ ငါ့ကို မင်းဖြစ်တယ်ဆိုပြီး ကြောက်မနေကြနဲ့ဟေ့" ဟု သဘောကောင်းသူကဲ့သို့ ပြော၏။

"မှန်ပါ ဘုရား၊ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ"

"ဘုရားလည်း ထူးဖို့ မလိုပါဘူး သူငယ်ချင်းတို့ရာ၊ ရှေးကလိုပဲ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်ပေါ့"

သူသည် ကတ္တီပါဖုံကို အနားသို့ ရွှေ့လာပြီး ထိုင်လိုက်ရာက ကိုယ်ကို ရှေ့သို့ကိုင်းထားသည်။ အခြားသူများ မကြားစေရန် လေသံနှိမ့်ပြီး မေးသည်။

"အခု မင်းတို့လာတဲ့ကိစ္စ တစ်ခုမကျန် ပြောကြ၊ အကြောင်းကိစ္စအမှုကြီးငယ်ရှိရင် ငွေကြေး အပိုမကုန်ကျအောင် ငါ စောင်မကြည့်ရှုမယ်။ ဘာကြောင့် ဒီလိုပြောရသတုံးဆိုတော့ မင်းတို့ကုန်တာဟာ ငါကုန်သလိုပဲ မဟုတ်လား"

ငလက်တိုနှင့် ညိုသည် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြ၏။ ညိုက ငလက်တိုအား ခေါင်းညိတ်ပြ၏။

"ဒီလိုပါ အမတ်မင်း၊ စကတည်းက လိမ်လည်မှုပါ။ ရုံးပြင်ကနား မရောက်အောင် သူငယ်ချင်းချင်း ကျိတ်ပြီး ဆုံးဖြတ်ပေးပါ"

ငလက်တိုက ဖြစ်ကြောင်းကုန်စင် အန်ချပြီးလျှင် "အဲဒါပဲ အမတ်ကြီးရေ့၊ သူကလည်း သုံးဖို့ နှစ်ဖို့ လိုချင်၊ အကျွန်ကလည်း သုံးဖို့ တစ်ဖို့ မယူနိုင်၊ သုံးဖို့ နှစ်ဖို့ပဲ လိုချင်နေတော့ ခက်ရသပါ့" ဟု အဆုံးသတ်၏။

mgyoe.com

mgyoe.com



"သည့်ပြင်လူ စီရင်တာကို လက်မခံချင်ပေမဲ့ အမတ်ကြီး စီရင်တာကိုတော့ သူငယ်ချင်းမို့ လက်ခံပါတယ်။ ကြိုက်သလို စီရင်ပါ"

ညီကြလည်း ငွေထုပ်ပါ ထိုးအပ်လေ၏။

စကားတောင်စားသည် ပြုံး၏။ သို့သော် ပါးစပ်ဖြင့် မဟုတ်။ စိတ်ထဲက ပြုံးခြင်းဖြစ်သည်။

"သူငယ်ချင်းတို့ ဝေဒိပ္ပပုဏ္ဏားနှင့် တပည့်အကြောင်း ကြားဖူးကြသလား"

"အမတ်ကြီးကသာ ပညာလိုလားသူမို့ မှတ်မိပေမဲ့ ကျွန်တော်တို့မှာ ပညာကို မလိုလားခဲ့မိလို့ ဘာမှမမှတ်မိပါဘူးဗျာ"

"ငယ်ငယ်ကလေးကတည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေမို့ တရားသဖြင့်ဖြစ်အောင် ငါပြောတဲ့စကား သေသေချာချာ နားထောင်ကြ၊ သည်လိုကွဲ့၊ ဝေဒိပ္ပပုဏ္ဏားကြီးက ကောင်းကင်မော့ပြီးရွတ်ရင် ရတနာမိုးရွာချတဲ့ မန္တန်တတ်တယ်"

ထိုပုဏ္ဏားသည် အထူးထူးသော အတတ်တို့ကို တတ်ကျွမ်း၏။ သို့သော် ပညာ မရှိပေ။ တပည့်သော်ကား ထိုသူ့ထံတွင် တပည့်ခံနေရစေကာမူ ပညာရှိ၏။

တစ်နေ့သော် ဆရာတပည့်တို့ ခရီးအတူသွားကြစဉ် ဓားပြများ၏ အဖမ်းခံရ၏။ ပစ္စည်းဥစ္စာမရသဖြင့် ဆရာအား ဖမ်းထားလိုက်ကာ တပည့်အား အိမ်ပြန်ပြီး ပစ္စည်းအယူခိုင်းလိုက်၏။

တပည့်သည် ဆရာထက် ပညာရှိသဖြင့် သွားကာနီးတွင် မှာခဲ့၏။

"ဆရာ၊ အနေအစား ဆင်းရဲတယ်ဆိုပြီး ရတနာမိုး မန္တန်မရွတ်လေနှင့်၊ အလွန်ကြီးမားတဲ့ ဒုက္ခကြီးဆိုက်ရောက်လိမ့်မယ် ခင်ဗျား" ဟူ၏။

သို့သော် ဆရာပုဏ္ဏားကား ပညာမဲ့၏။ တပည့်လာအောင်

mgyoe.com

mgyoe.com



မစောင့်။ ရတနာမိုး နက္ခတ်သင့်ကြုံသဖြင့် မန္တန်ရွတ်ပေး၏။ ဓားပြများသည် ရတနာတွေ ထမ်းလျက် ခရီးဆက်ကာ ပုဏ္ဏားကို လွှတ်ပစ်ခဲ့၏။

ရတနာထုပ်ကိုယ်စီနှင့် အေးဆေးစွာလာသော ဓားပြများသည် ရက်စက်ကြမ်းကြုတ်သော အခြားဓားပြတစ်စု၏ အလစ်ဖမ်းဆီးခြင်း ခံကြရလေ၏။ ထိုအခါတွင် "အဆွေတို့၊ ဓားပြအချင်းချင်းကို အနိုင်ကျင့်သည့်ထက် ဝေဒဗ္ဗပုဏ္ဏား နောက်ကိုလိုက်ပြီး ရတနာမိုးရွာတဲ့ မန္တန်အရွတ်ခိုင်းပါလား" ဟု အကြံပေးကြသည်။ ဝေဒဗ္ဗပုဏ္ဏား နောက်သို့လိုက်သည်။ ထိုပုဏ္ဏားကို မိသော်လည်း အချည်းနှီးတည်း။ အကြောင်းသော် နက္ခတ်သင့်ချိန်တွင် မန္တန်ရွတ်မှသာ ရတနာမိုးရွာသောကြောင့်ပေတည်း။

ဒုတိယ ဓားပြများကား ဤသည်ကို နားမလည်ချေ။ ပုဏ္ဏားအား သတ်ပစ်ခဲ့ပြီး ပထမ ဓားပြတွေနောက်သို့ အပြင်းလိုက်သည်။ မိလျှင် အပြင်းအထန် ဝင်ရောက်တိုက်ခိုက်ကာ အားလုံးကို သုတ်သင်ပစ်သည်။ ဒုတိယ ဓားပြများမှာ ရတနာထုပ် ကိုယ်စီရသွားပြီ။ အေးချမ်းပျော်ရွှင်စွာ ပြန်ရန်သာ ရှိ၏။

လောဘ အမှောင့်ပယောဂ ဝင်ပူးသည်။ တစ်ယောက်ကို တစ်ယောက် သတ်ရာ နှစ်ရာ့ငါးဆယ် သေပြီး နှစ်ရာ့ငါးဆယ်ကျန်သည်။ ဇာတ်တူသား စားသဖြင့် ရတနာနှစ်ဆရသော်လည်း လောဘမသတ်နိုင်။ အချင်းချင်း တိုက်ခိုက်လုယက်ရာ နောက်ဆုံးတွင် နှစ်ယောက်တည်းသာ ကျန်တော့သည်။

မသယ်နိုင်လောက်အောင် များပြားသော ရတနာများကို ရမှဖြင့် ကိုယ့်ခရီးကို ကိုယ်သွားရန်သာ ရှိတော့သည်။ မသွားနိုင်ပေ။ ချစ်ယောင်ခင်ယောင်ပြုကာ တစ်ဦးကိုတစ်ဦး အလစ်မပေးဘဲ အတူလာသည်။

ရွာတစ်ရွာအနီးသို့ရောက်လာကြသည်။ တစ်ယောက်က ရွာထဲ

mgyoe.com

mgyoe.com



ဝင်ပြီး ထမင်းရှာသည်။ ထမင်းတွေ့လျှင် စားသည်။ ကျန်ခဲ့သူအတွက် ထမင်းကို အဆိပ်ခတ်ပြီး ယူခဲ့သည်။

ကျန်ခဲ့သူသည် ထမင်းယူခဲ့သူအား လမ်းမှ ချောင်းမြောင်း လုပ်ကြံပြီးမှ အေးဆေးစွာ ထမင်းစားရာ ထမင်းခွက်ပေါ်မှောက်လျက် လဲကျသေလေ၏။

"အေး... ငါ့သူငယ်ချင်းတွေမှာလည်း အဲသည်ဝတ္ထုထဲက စားပြဲတွေလိုပဲ ပျက်စီးကိန်း မြင်တယ်။ အဲဒါကြောင့် အကျယ် အကျယ် အငြင်းပွားမနေကြနှင့်တော့။ အကျယ်ချဲ့နေကြရင် သူ့ဌေးကလေး မောင်ကောင်းစံ သိသွားမယ်။ သူငယ်ချင်းတို့မှာ တစ်ပြားမှ မရတဲ့အပြင် မင်းဒဏ်တောင် သင့်ဦးမယ်"

"ဟုတ်ပါတယ်၊ အဲဒါကြောင့် အမတ်ကြီး စီရင်သမျှ နာခံပါ့မယ် ပြောတာပေါ့ အမတ်ကြီးရာ"

သို့အတွက် စကားတောင်စားသည် ငွေများကို သွန်ချသည်။ အညီအမျှ နှစ်ပုံ ပုံလိုက်သည်။ "ကဲ... စကားများမနေကြနဲ့၊ တစ်ယောက် တစ်ပုံစီ ယူကြပေတော့" ဟု ဆုံးဖြတ်ပေးလိုက်လေသည်။

အကွပ်အောက် ဆယ့်ခြောက်ပြည်မဲ့မဲ့ကို ထက်ဝက်ခွဲသောအခါ ခုနစ်ပြည်ခွဲစန့် အသီးသီးရကြဖွယ်ရှိ၏။ သို့ရာတွင် မရကြပါ။ သူငယ်ချင်း အမတ်မင်းသည် ပညာဖြင့် လုယူလေ၏။

"အေး... သို့သော် မင်းတို့ဟာ သူငယ်ချင်းဖြစ်ပေမဲ့ တရားစီရင်တဲ့ ထုံးစံကို အဖျက်ခံလို့ မတော်ပေဘူးကွဲ့။ အဲဒါကြောင့် တရားစရိတ် ကျခံကြရမယ်"

တရားစရိတ်များမှာ အိမ်ဦးခုံနှင့် စာရေးများအတွက် ဉာဏ်ပူဇော်ခ တစ်ဖက်လျှင် ငွေနှစ်ပြည်စီ၊ လေက်တိုနှင့် ညီဖြူမှာ ငါးပြည်စီသာ ကျန်တော့၏။

mgyoe.com

mgyoe.com



"အစစ်ခံ စာရေး တစ်ပြည်စီ၊ ဝန်ခံချက်ရေး တစ်ပြည်စီ"

ငလက်တိုနဲ့ ညို့မှာ သုံးပြည်ခွဲစီသာ ကျန်တော့သည်။

"လုလင်တစ်ခွက်၊ လက်ဖက်ဖိုး တစ်စလယ်၊ ကွမ်းဖိုး တစ်စလယ် နုတ်စေ"

ထပ်မံ၍ လေးစလယ် နုတ်ပြန်သောအခါ တစ်ဦးကိုတစ်ဦး ပင်ပန်းကြီးစွာ အကောက်ကြံ အငြင်းပွားခဲ့သူနှစ်ဦးမှာ နှစ်ပြည်ခွဲ နှစ်ပြည် သာသာစီမျှသာ ရကြတော့သည်။

သို့သော် မကျေနပ်ကြောင်း မပြောရဲ။ အောင့်အည်းပြီး အမြန်ဆုံး ထွက်ခွာလာခဲ့ကြလေတော့၏။

*

## ဆားနှင့် ဓားတို့ တွေ့ကြခြင်း

ငွေ ဆယ့်ခြောက်ပြည်နီးပါးရပါလျက် နှစ်ဦးပေါင်းမှ လေးပုံ့တစ်ပုံ မျှသာ လက်ဝယ်ကျန်ခြင်းမှာ ငလက်တိုကြောင့်ဟု ညို့က ကျိတ်၍ တွေး၏။ ငလက်တိုကလည်း ညို့ကြောင့်ဟု မြဲ၍တွေး၏။ သို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် နှုတ်သော်မျှ မဆက်ဘဲ ကိုယ်လမ်းကို ကိုယ်စိတ်ကူး၍ လူချင်းခွဲခဲ့ကြလေ၏။

ငလက်တိုနှင့် ညို့တို့ ကိုယ်စီရခဲ့သော ငွေနှစ်ပြည်သားမှာ တစ်တင်းနှင့်စာလျှင် နည်းပါး၏။ သို့ရာတွင် ဆင်းရဲသားတစ်ယောက် အတွက်ကား မနည်းလှချေ။ ကောင်းရောင်းကောင်းဝယ်လုပ်စားရန် လုံလောက်၏။ လယ်ယာ လှည်းနွား ဝယ်လိုလျှင်လည်း ရသည်သာဖြစ်၏။

သို့ရာတွင် ငလက်တိုသည် အလုပ်လုပ်ရန် စိတ်ကူးတိုင်း မတော် မတည့်တွေသာ အာရုံထဲသို့ဝင်လာ၏။ ယခုလည်း လှေတစ်စင်းဝယ် သည်။ အညာကုန်ကို အောက်ပို့၊ အောက်ကုန်ကို အညာသို့ သယ်လာ

mgyoe.com

mgyoe.com


စသည်ဖြင့် ရောင်းဝယ်ဖောက်ကားရန် အကြံကလေး လက်ခနဲ ဝင်လာသောကြောင့် ဖြစ်သည်။

လှေကို ဝယ်လာပြီး ကိုယ့်လှေကို ကိုယ်ကမ်းနဖူးမှ ထိုင်ကြည့်သောအခါ သောင်ပြင်မှ နေရောင်က မျက်နှာကို ထိုးသည်။

မကောင်းသော စိတ်ကူးက လက်ခနဲ ပေါ်လာသည်။ ချက်ချင်းပင် ခြောက်သွေ့နေသော သဲများကို တစ်တောင်းပြီး တစ်တောင်း လှေထဲသို့ ထည့်သည်။ ပြည့်သလောက်ရှိသောအခါ မျက်နှာပြင်ကို ညှိသည်။

... သည် သဲတွေကို သည်အတိုင်း သွားရောင်းလို့ကတော့ ဝယ်မယ့်လူရှိမှာ မဟုတ်ဘူး။ လူဝယ်အောင် ဘာလုပ်ရမတုံး။

ငလက်တို တွေးတောသည်။ ကြံစည်သည်။ ထို့နောက် ဆားပိဿာချိန် လေးငါးဆယ် ဝယ်သည်။ သဲမျက်နှာပြင်အပြည့်ကို ဆားများဖြင့် ဖုံးသည်။ ထန်းရွက် ရိုင်ပတ်တို့ဖြင့် ဖုံးသည်။

"လုံးချင်းလဲမယ်၊ ဆားလှေနှင့် မန်ကျည်းလှေ၊ ဆားလှေနှင့် ရေနံလှေ၊ ဆားလှေနှင့် အိုးလှေ"

မြင်းခြံဆိပ်ကမ်းတွင် လုံးချင်းလဲမည့်လှေ မရှိ။

"ညောင်တုန်းရောက်အောင် ဆင်းသွားပြီး ငါးပိနဲ့သာ ထပ်ခဲ့ပါကွာ၊ ဆိမီးခုံမှာ ဓမင်းငါးပိ အဝယ်လိုက်နေသဟ" အကြံပေးသူကလည်း ပေးသည်။

ထိုအချိန်တွင် ငညိုကလည်း လှေတစ်စင်းဖြင့် ပခုက္ကူမှ ဆန်တက်လာခဲ့ရာ ကွမ်းရွာဆိပ်ကမ်းတွင် ဆိုက်ကပ်မိလေ၏။ မှောင်တရီတွင် ဆိုက်ကပ်မိသည်နှင့် ဝမ်းသာစရာအသံကို ငညို ကြားရ၏။

ဟောင်ဖွာ ဟောင်ဖွာ ကျယ်လောင် ကျယ်လောင်နှင့် ပြောနေသူမှာ သူငယ်ချင်း ငလက်တို၏အသံ ဖြစ်သည်။

mgyoe.com

mgyoe.com



"ဟေး... လေက်တို သူငယ်ချင်း"

အသံကြားကာမျှဖြင့် သူက မှတ်မိသလို လေက်တိုကလည်း မှတ်မိ၏။

"ဟေ့ကောင်... သူငယ်ချင်း ညိုု၊ မသေသေးဘူးနော်။ နို့... အခုလှေထိုးလွတိုက်ဖြစ်နေပြီလား"

လေက်တိုသည် အော်ဟစ်နှုတ်ဆက်ရင်း လှေပေါ်သို့ ရောက်လာသည်။

ညိုုက "လှေထိုးသား မဟုတ်ပါဘူးကွာ၊ လှေသူကြီး ဖြစ်နေပြီကွ" ဟု ဝင့်ဝါသံဖြင့် ပြော၏။

"ဝမ်းသာသဟေ့၊ နို့... ဘာကုန်တွေပါလာသတုံး"

"ဓားတွေကွ၊ မကွေးဓား၊ ခရောင်ဓား၊ ချိုင့်ဓား... အစုံပဲ။ နာမည်ကြီး ဓားတွေပေါ့ကွာ"

"ငါ့မှာ ဆားတွေ ပါတယ်ကွ၊ လှေချင်း လုံးချင်း လဲမလား"

လေက်တိုက ဝမ်းသာအားရ မေးသည်။ သူ့တွင် ဆား အနည်းငယ်သာပါသော သဲတွေ ဖြစ်သည်။ ဖြစ်ပါလျက်နှင့် သူငယ်ချင်း အချင်းချင်းကို လိမ်ခြင်းမှာ ညိုုကချည်း သူ့ကို လိမ်ခဲ့သဖြင့် ယခုအတွေ့တွင် ဦးခင်အောင် လိမ်လည်ခြင်း ဖြစ်ချေသည်။

ညိုုကလည်း ဝမ်းသာအားရ လိုလိုလားလား ရှိသည်။

"ကောင်းတော့ ကောင်းတယ်ဟေ့၊ သို့သော် ငွေအလိုက် ကလေးများ မပေးဘူးလား"

"ပေးတော့ ပေးချင်ပါရဲ့၊ အနံ့ အလျား ဓောက်တူဆိုရင်တော့ မပေးပါရစေနဲ့ကွာ"

သူငယ်ချင်းနှစ်ယောက် လှေပေါ်မှ ဆင်းလာကြ၏။ မီးစည်းကိုယ်စီထွန်းလျက် တစ်ယောက်လှေကို တစ်ယောက် စစ်ဆေးကြ၏။

mgyoe.com

mgyoe.com



ရွယ်တူလှေများဖြစ်နေသဖြင့် အလိုက်မပေးဘဲ လဲလှယ်ရန် သဘောတူလိုက်ကြသည်။

ထို့နောက် ကိုယ်နှင့်မကွာ ပါရမည့်ပစ္စည်းများကို မိမိရသောလှေပေါ်သို့ အသီးသီး ပြောင်းရွှေ့ကြသည်။

ငလက်တိုမှာ "ငါ့ကို အမြဲ လိမ်တဲ့ကောင်၊ ဒီတစ်ခါ ငါက ဦးပြီ" အတွေးဖြင့် ဝမ်းသာနေသည်။ သို့အတွက် သန်းခေါင်အချိန်ရောက်လျှင် မိမိလှူများကို နှိုးကာ မြင်းခြံသို့ ပြန်လည်ဆန်တက်ခဲ့လေ၏။

မြင်းခြံသို့ရောက်လျှင် ငလက်တိုသည် ဓားရောင်းရန် ပွဲရုံများသို့ လိုက်လံစပ်ဟပ်သည်။ ယူမည့်သူပေါ်သောကြောင့် လှေသို့ ပြန်လာကာ ဓားတွေကို ထုတ်သောအခါ ပက်လက်လန်လေ၏။ အကြောင်းသော်ကား သံဓားစစ်စစ်ဟူ၍ အချောင်းနှစ်ဆယ်မျှဖြင့် အပေါ်မှဖုံးထားပြီး ဓားအတုတွေကို အောက်ကခံထားသောကြောင့်ပေတည်း။

အောက်ကခံသော ဓားအတုမှာ ဆေးသားညံ့သော သံဓားဆိုလျှင် ခံသာသေး၏။ မီးထပ်ပေးလျှင် ဓားကောင်းဖြစ်လာနိုင်၏။

ညို့ထံမှ ငလက်တို ရခဲ့သော ဓားများမှာ သံမဟုတ်။ ထန်းပလပ်ပြားတွေကို ဓားပုံခုတ်ပြီး ကိုယ်ထည်ကို မီးသွေးလိမ်း၊ အသွားနေရာကို ထုံးသုတ်ထားသော ထန်းပလပ်ပြား ဓားတွေသာတည်း။

ငလက်တိုမှာ မိမိက ဆားလှေဆိုကာ သဲလှေပေးခဲ့သည်ကို သတိမထားဘဲ တောက်ခေါက်သည်။ "လူလိမ် ညို၊ သိကြရောပေါ့ကွာ" ဟု ကြုံးဝါးလျက် လှေကို မြင်းခြံမှ ပြန်လည်စုန်ဆင်းလာလေ၏။ ကွမ်းရွာဆိပ်ကမ်းသို့ ငလက်တို၏လှေရောက်သောအခါ ညို၏လှေ မရှိတော့။ စုန်ဆင်းသွားပြီ။ ငလက်တိုမှာ ဒေါသထွက်သော်လည်း အချိန်မရှိတော့သဖြင့် ထိုဆိပ်တွင်ပင် ညအိပ်နေရလေတော့၏။

နောက်တစ်နေ့တွင် ငလက်တို၏လှေသည် ဆက်လက် စုန်ဆင်း

mgyoe.com

mgyoe.com


လာရာ ညနေစောင်း၍ ဆိပ်ကမ်းတစ်ခုသို့ ဝင်ရောက်အိပ်သည်တွင် အလျင်ဆိုက်နှင့်သော လှေတစ်စင်း၏ ဦးပိုင်း၌ မားမားရပ်လျက် ခါးထောက်နေသော ညီပုံကို မြင်ရလျှင် လေက်တိုသည် ပေါင်းမိုးထဲမှ ဒေါသတကြီး ပြေးထွက်လာ၏။

"ဟော့... ညီပု၊ လူလိမ်"

"ဟော့... လေက်တို၊ လူညာ"

ညီပု၏ တုံ့ပြန်သံကို ကြားရတော့မှ လေက်တိုမှာ သတိရ၏။ ဟုတ်သားပဲ၊ ထန်းပလပ်ပြားကို စားပါလို့ လိမ်သလို ငါကလည်း သဲတွေကို ဆားပါလို့ ညာတာပဲ မဟုတ်လား၊ သဘောပေါက်သွားလေ၏။

*

## အလိမ်နှင့် အရှုပ် ပေါင်းမိပြီ

နောက်တစ်နေ့နံနက်တွင် လှေထိုးသားတွေ ဈေးဝယ်နာဝယ် ထွက်နေကြစဉ် လေက်တို့ထံသို့ ညီပု ရောက်လာ၏။

"မင်းကလည်း ဆားဆိုပြီး လိမ်သလို ငါကလည်း စားဆိုပြီး လိမ်တာပဲကွ၊ အချင်းချင်း လိမ်လို့ အကျိုးမဖြစ်ဘူးကွ၊ သည်တော့ တို့နှစ်ယောက် ပူးပေါင်းကြပါစို့ကွာ"

"အေးကွ၊ မင်းနှင့် ငါနှင့်ဟာ ရှေးဘဝရေစက်ကြောင့် ထင်ပါရဲ့။ မဟုတ်တာကို ပူးပေါင်းဆောင်ရွက်ရင် အောင်မြင်တယ်ကွ"


"ဟုတ်ပါပြီ၊ မင်း သဘောတူရင် မင်းက ရှေ့ဆောင်ပါ။ မင်း လုပ်သမျှကို ငါ နာခံပါ့မယ်"

မကောင်းသော လူနှစ်ယောက် ပူးပေါင်းမိသည်တွင် လေက်တိုက ရှေ့လုပ်ငန်းစဉ်အတွက် စကားစ၏။

mgyoe.com

mgyoe.com





mgyoe.com